HELVETAS MYANMAR | SCVG (Youth for Youth, Youth for Community) | MARIE STOPES MYANMAR | Chay Hlan Thit (Documentation and Social Development Service)

# မကွေးတိုင်းဒေသကြီး
# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
# အခမ်းအနား

International Youth Day - 2020

Magway Region

# ဆွေးနွေးပွဲမှတ်တမ်း

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ၊ (၁၄)ရက်

မကွေးတိုင်းဒေသကြီး


INTERNATIONAL
YOUTH
DAY



# မကွေးတိုင်းဒေသကြီး

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား

# ဆွေးနွေးပွဲမှတ်တမ်း

## အခမ်းအနားဖြစ်မြောက်ရေးအတွက် ပူးပေါင်းပါဝင်သောအဖွဲ့များ

- မကွေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ
- HELVETAS MYANMAR
- Social Care Volunteer Group (SCVG)
- MARIE STOPES MYANMAR
- ခြေလှမ်းသစ်အဖွဲ့

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား
(၂၀၂၀ခုနှစ် - မကွေးတိုင်းဒေသကြီး)

## မကွေးတိုင်းဒေသကြီး နိုင်ငံတကာလူငယ်များနေ့အခမ်းအနား

ရက်စွဲ - ၂၀၂၀ခုနှစ် ဩဂုတ်လ (၁၄)ရက်

အချိန် - မွန်းလွဲ (၁း၀၀)နာရီ မှ ညနေ (၄း၀၀) ထိ

နေရာ - ထိန်ထိန်သာဟိုတယ်၊ မကွေးမြို့

| စဉ် | အချိန် | အခမ်းအနားအစီအစဉ် |
|---|---|---|
| ၁ | ၁၂း၃၀ မှ ၁၂း၄၀ | တက်ရောက်မှုများအားမှတ်တမ်းတင်ခြင်း |
| ၂ | ၁၂း၄၀ မှ ၁း၁၀ | မှတ်တမ်းနှင့် အသိပညာပေးဗီဒီယိုများပြသခြင်း |
| ၃ | ၁း၀၀ မှ ၁း၁၅ | အခမ်းအနား အစီအစဉ်ဖတ်ကြားခြင်း နှင့် အခမ်းအနားဖွင့်လှစ်ကြောင်း ကြေငြာခြင်း |
| ၄ | ၁း၁၅ မှ ၁း၂၀ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး Dr. ခင်မောင်အေးမှ အဖွင့်အမှာစကားပြောကြားခြင်း |
| ၅ | ၁း၂၀ မှ ၂း၄၅ | လူငယ်ရေးရာကိစ္စရပ်များဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ |
| ၆ | ၂း၄၅ မှ ၃း၁၅ | တက်ရောက်လာသူများမှ အပြန်အလှန်ဆွေးနွေးခြင်း |
| ၇ | ၃း၁၅ မှ ၃း၂၀ | မကွေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ အတွင်းရေးမှူး ဦးဝေယံအောင်မှ ကျေးဇူးတင်စကား ပြောကြားခြင်း |
| ၈ | ၃း၂၀ - ၃း၅၅ | ညဈစာမ်းပဟောဋ္ဌိအစီအစဉ် |
| ၁၀ | ၃း၅၅ - ၄း၀၀ | အခမ်းအနားပြီးဆုံးကြောင်းကြေငြာခြင်း |

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား
# (၂၀၂၀ခုနှစ် - မကွေးတိုင်းဒေသကြီး)



## မကွေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးမှ အဖွင့်အမှာစကားပြောကြားခြင်း

ယခုလိုလူငယ်များနေ့အခမ်းအနားမှာ အဖွင့်အမှာစကားပြောကြားခွင့်ရရှိလို့အထူးပင်ကျေးဇူးတင်ရှိပါတယ်။ အစိုးရအဖွဲ့အနေနဲ့ COVID-19 ကာလမှာ နိုင်ငံသူနိုင်ငံသားများဘေးကင်းစေရေးအတွက် ဌာနဆိုင်ရာအကြီးအကဲများကော၊ စေနာရှင်မိဘပြည်သူများ၏ပူးပေါင်းပါဝင်မှုကော၊ ကျွန်တော်တို့အစိုးရအဖွဲ့တွေရော ပူးပေါင်းဆောင်ရွက်မှုနဲ့ ယခုလိုကပ်ရောဂါဘေးကြီးကနေ အောင်မြင်စွာကျော်လွှားနိုင်ခဲ့တာဖြစ်ပါတယ်။ အောင်မြင်စွာဖြတ်ကျော်နိုင်တယ်ဆိုတဲ့အတိုင်းအတာကတော့ အခုချိန်မှာပြီးဆုံးခြင်းတော့မရောက်သေးပါဘူး။ ဆက်လက်ပြီးတော့ ပူးပေါင်းရင်ဆိုင်မှုနဲ့အတူ ကာကွယ်ဆေးတွေပေါ်ပေါက်ပြီး လုံးဝဥသုံထိန်းချုပ်နိုင်တဲ့အထိ လူငယ်များအပါအဝင် အားလုံးပူးပေါင်းပြီးတော့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီCOVID ကာလအတွင်းမှာ မကွေးတိုင်းဒေသကြီးအတွင်းမှာ ပထမအသုတ် တရုတ်ကပြန်လာတဲ့ ပြည်တော်ပြန် တစ်သိန်းကျော်လောက်ရှိပြီး၊ ထိုင်းကပြန်လာတဲ့ပြည်တော်ပြန်က နှစ်သောင်းကျော် သုံးသောင်းလောက်ရှိပါတယ်။ ပြည်တော်ပြန်လာတာနဲ့အတူ ရောဂါပိုးပါလာတဲ့သူတွေကိုလည်း Qurantine သီးသန့်ထားရှိပြီး နိုင်ငံတစ်ဝှမ်းမှာရောဂါပိုးမပြန့်နှံ့အောင်ဆောင်ရွက်တဲ့နေရာမှာ၊ ကာကွယ်ပေးတဲ့နေရာမှာ မကွေးတိုင်းဒေသကြီးအတွင်းကလူငယ်တွေကလည်း ကဏ္ဍပေါင်းစုံကနေ ပူးပေါင်းဆောင်ရွက်ခဲ့တာတွေကို သတင်းတွေရရှိခဲ့ပါတယ်။ လူငယ်ရေးရာကော်မတီအနေနဲ့လည်း နိုင်ငံရဲ့ သမိုင်းပေးတာဝန်တွေကို ကျေကျေပွန်ပွန်နဲ့ ထမ်းဆောင်ရင်း လူငယ်များရဲ့ ဘက်စုံဖွံ့ဖြိုးမှုကဏ္ဍတွေကိုလည်း ဆက်လက်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ကြရဦးမှာဖြစ်ပါတယ်။ COVID-19 ကာလကလည်းမပြီးမြောက်သေး၊ ကန့်သတ်ချက်တွေကလည်းမပြီးမြောက်သေးဘူး၊ မနေ့ကမှ ၁၅ယောက်ကနေ လူဦးရေ ၃၀ ထိစုဝေးခွင့်ပေးတယ်ဆိုတော့ လူငယ်အများစုနဲ့ နဖူးတွေ့ဒူးတွေ့ တွေ့ဆုံလိုပေမယ့် ကန့်သတ်ချက်တွေကြောင့် ယခုလို Online Confrecing နဲ့ပဲတွေ့ဆုံဆွေးနွေးညှိနှိုင်းရတာပဲဖြစ်ပါတယ်။ ယနေ့ပွဲမှာလည်း လူ ၂၀၀ နီးပါးလောက်တက်ရောက်တယ်ဆိုတော့ ခရီးစရိတ်တွေ အခြားစရိတ်တွေမကုန်ဘဲ ကိုယ့်အိမ်ကနေဘဲ အချိန်မကုန်ဘဲ တက်ရောက်နိုင်ကြတော့ နောက်လည်း ဒီလို ဆွေးနွေးမှုလေးတွေ ထပ်လုပ်

တာပိုကောင်းပါတယ်။ ဒီလိုပွဲလေးတွေက ၂၅မြို့နယ်လုံးလည်းစုံတယ်၊ အချိန်ကုန်လည်းသက်သာတယ် အဲဒါကြောင့် ဒီလိုပွဲတွေဆက်လက်ပြီးဆောင်ရွက်မယ်ဆိုရင် ပိုအဆင်ပြေမယ်လို့ ယူဆပါတယ်။ တိုင်းဒေသကြီးအစိုးရအနေနဲ့ လူငယ်ရေးရာကော်မတီပိုမိုအားကောင်းရေးအတွက် စိတ်ရောကိုယ်ပါထမ်းဆောင်ချင်ပေမယ့် တစ်ချို့ကိစ္စတွေမှာ အခက်အခဲအကျပ်အတည်းတွေ၊ စိန်ခေါ်မှုလေးတွေရှိနေတာကြောင့် တစ်ချို့ကိစ္စတွေမှာ နှောင့်နှေးကြန့်ကြာတာတွေ၊ အထင်လွဲတာလေးတွေရှိကြုံရနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လူငယ်ရေးရာကော်မတီအနေနဲ့ ဆောင်ရွက်ရတာရှိသလို၊ တိုင်းဒေသကြီးအစိုးရအနေနဲ့ ၁၅နှစ်ကနေ ၃၅နှစ်ကြားလူငယ်တွေရဲ့ ပညာရေးအခွင့်အလမ်း ရရှိမှုတွေ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုတွေ၊အတတ်ပညာကျွမ်းကျင်မှုတွေ ဒါတွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေကြပါတယ်။ ပညာရေးကို အားလုံးလက်လှမ်းမှီနိုင်အောင် ကျောင်းအိပ်ကျောင်းစားထားနိုင်အောင်၊ ကျောင်းထောက်ပံ့ကြေးတွေရရှိအောင် လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက သက်ဆိုင်ရာကျောင်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေတာတွေ ရှိပါတယ်။ လူငယ်တွေအတွက် အသိပညာအတတ်ပညာတွေ ရရှိနိုင်အောင် ကျွန်တော်တို့အနေနဲ့ ကြိုးစားပြီးဆောင်ရွက်နေတာဖြစ်ပါတယ်။ လူငယ်ရေးရာကော်မတီအနေနဲ့လည်း တစ်ဖက်တစ်လမ်းက လူငယ်များရဲ့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

# လူငယ်ရေးရာ စကားဝိုင်း

**Pannelist**



ဒေါက်တာခင်မောင်အေး



ကိုမျိုးဆန်းအောင်



နော်ဖောဖောဝါ



ဒေါက်တာရာဇာထွန်း



ကိုသင့်ထက်ဝေ

**Moderator**



ကိုအောင်လင်းကြည်



ကိုအောင်လင်းကြည်

Executive Director

Social Care Volunteer Group

ကျွန်တော်ကတော့ အောင်လင်းကြည်ပါ။ ဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် အဓိကပံ့ပိုးပေးမယ့် Moderator အနေနဲ့ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ကတော့ စကားဝိုင်းဆွေးနွေးပွဲမှာပါဝင်တဲ့သူတွေနဲ့မိတ်ဆက်ပေးပါမယ်။ ဆွေးနွေးပွဲမှာ ပါဝင်မယ့်သူတွေက မိတ်ဆက်ပေးပါ့မယ်ခင်ဗျာ။



ဦးမျိုးဆန်းအောင်

Skill Development Advisor

HELVETAS (Myanmar)

လူငယ်များ အသက်မွေး လမ်းကြောင်းလုပ်ငန်းနှင့် အလုပ်ကိုင်အခွင့်အလမ်း ရရှိဖို့ရန် ဘာတွေလုပ်ဆောင်သင့်သလဲဆိုသော “**လူငယ်နှင့် အလုပ်ကိုင်အခွင့်အလမ်းအကြောင်း**” ဆွေးနွေးသွားမှာဖြစ်ပါတယ်။



နော်ဖောဖောဝါ

Communication Assistant

International Organization for Migration (IOM)

ကျွန်မကတော့ ဘေးကင်းလုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ခြင်းနှင့် ပတ်သတ်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။



ဒေါက်တာရာဇာထွန်း

Project Manager

MARIE STOPES (Myanmar)

လူငယ်နှင့် မျိုးဆက်ပွားကျန်းမာရေး အကြောင်းအရာနှင့် ဆက်စပ်ပြီးတော့ ဆွေးနွေးသွား မှာ ဖြစ်ပါတယ်။



ကိုသင့်ထက်ဝေ

အဖွဲ့ဝင်

မကွေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ

လူငယ်ရေးရာ ကော်မတီအနေဖြင့် လှုပ်ရှားမှုများ၊ အခက်အခဲများနှင့် ဘယ်လိုကျော်လွှားမယ် ဆိုတာတွေ၊ ဖြတ်သန်းခဲ့ရမှုများကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။



# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား
# (၂၀၂၀ခုနှစ် - မကွေးတိုင်းဒေသကြီး)



ကိုအောင်လင်းကြည်

Executive Director

Social Care Volunteer Group

**လူမှုရေးဝန်ကြီးမှ လူငယ်ရေးရာကော်မတီကိစ္စရပ်များ၊ ဆောင်ရွက်နေမှုများနှင့် မကွေးတိုင်းဒေသကြီးအတွင်း လူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်လာအောင် လုပ်ဆောင်မှုများကို ဆွေးနွေးပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်။**



ဒေါက်တာခင်မောင်အေး

လူမှုရေးဝန်ကြီး

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

လူငယ်ကော်မတီအနေဖြင့် လူငယ်များ ပါဝင်ရအောင် ဘယ်လို ဆောင်ရွက် ထားသလဲဆိုရင် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်ဝင်းမြတ်အေး တို့နှင့်အတူ ချိတ်ဆက်ပြီးတော့ လူငယ်များ ဖွံ့ဖြိုးတိုးတက်အောင် တက်နိုင်သမျှ မကွေးတိုင်းအစိုးအရအဖွဲ့မှ ရံပုံငွေများ ချပေးပြီးတော့ ဆောင်ရွက်ပေးပါတယ်။ ဘတ်ဂျတ်ထဲတွင် ထည့်သွင်းပြီး ဆောင်ရွက်မထားပေမယ့် လူငယ်များအနေဖြင့် လိုအပ်ချက်များ၊ ဆောင်ရွက်လိုသည့် အချက်များရှိပါက ရံပုံငွေများ တင်ပြပြီးတော့ တောင်းခံတာများ ရှိပါတယ်။ လူငယ်များ၏ လိုအပ်ချက်များကို ပြည်ထောင်စု ဘတ်ဂျတ်မှ ဖြည့်ဆည်းပေးမယ်ဆိုရင်လည်း ပြည်ထောင်စုက ပေးပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်ဖို့ လိုအပ်မယ်ဆိုရင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြပြီးတော့ ဆက်လက်လုပ်ဆောင်တာ ဖြစ်ပါတယ်။ အခြားလိုအပ်ချက်များရှိပါက လူငယ်ကော်မတီအနေဖြင့်ဆွေးနွေးတိုင်ပင်ပြီး စီမံကိန်းရေးဆွဲပြီးတော့ လိုအပ်သော ငွေကြေးများ ရှိလာမယ်ဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြပြီး တောင်းဆိုသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် လူငယ်ကော်မတီအနေဖြင့် လူငယ်စင်တာများဖွင့်လှစ်ဖို့၊ စာပေယဉ်ကျေးမှုများတိုးတက်ဖို့နှင့် အားကစားပညာရပ်များ တိုးတက်ဖို့ စသည်ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် လူငယ်စင်တာများ လိုအပ်လျက်ရှိပါတယ်။ လူငယ်စင်တာဖွင့်ဖို့ရန်အတွက် တိုင်းဒေသကြီးအစိုးရအနေဖြင့် မကွေးခရိုင်အုပ်ချုပ်ရေး ဦးစီးမှူးကို

စာထွက်ပြီးတော့ မြေနေရာရှာဖို့ရန် တောင်းဆိုထားပါတယ်။ အဓိကတော့ ချက်ချင်း မြေနေရာ ရှာဖို့ရန် အခက်အခဲရှိနေပါတယ်။ မြေနေရာသည် အစိုးရပိုင် မြေနေရာကလည်း မရှိပါဘူး။ ယခင်ခေတ်က အစိုးရအဆက်ဆက်လို မြေနေရာများသိမ်းဆည်းပြီး မြေကွက်ရိုက်ချထားပေးခြင်း မရှိသည့်အတွက် အစိုးရဘက်တွင် ကိုယ်ပိုင် မြေကွက်မရှိသည့်အတွက် သင့်တော်သောမြေကွက်ကို ရှာဖွေနေပါတယ်။ ဒီမြေကွက်ကို ရှာဖွေတွေ့ရှိမယ်ဆိုရင် ညှိနှိုင်းပြီးတော့ ရယူ သွားမှာ ဖြစ်ပါတယ်။ အချို့ဌာနဆိုင်ရာများလည်း မြေကွက်များကို ကိုယ်တိုင်ဝယ်ယူပြီးတော့ ခရိုင်အုပ်ချုပ်ရေး ဦးစီးဌာနကို ပြန်လည် လျှောက်ထားရယူရတာ ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးနှင့်လည်း ညှိနှိုင်းထားပါတယ်။ ပြည်ထောင်စုဝန်ကြီးက မြေကွက်ရမယ်ဆိုရင် အလှူရှင်များနှင့် ချိတ်ဆက်ပြီးတော့ အဆောက်အဦးများဆောက်လုပ်ပေးမယ်လို့ သိရှိရပါတယ်။ ဒါကြောင့် လူငယ်များအနေဖြင့် စုစည်းနိုင်အောင်၊ တွေ့ဆုံနိုင်အောင်၊ အဖြေရှာနိုင်အောင် ဘတ်ဂျတ်များ ရှိနေသည့်အတွက် ယခုလောလောဆယ် စုပေါင်းရုံးမှာ လူငယ်ကော်မတီ ရုံးခန်းတစ်ခန်း လုပ်ဆောင်ထားပါတယ်။ လူငယ်ကော်မတီရုံးတွင်လည်း တက်နိုင်သမျှ စုဝေးပြီး လူငယ်ကိစ္စများ ဆောင်ရွက်ရန် တိုက်တွန်း နိုးဆော်အပ်ပါတယ်။ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ဖို့ဆိုရင် အချို့ငြိမ်းချမ်းရေးအဖွဲ့တွေက တက္ကသိုလ်များသို့ သွားရောက်ပြီး ပို့ချဆွေးနွေးဖို့ရန် ကမ်းလှမ်းလာတာများလည်း ရှိပါတယ်။ ဤကဲ့သို့ ကမ်းလှမ်းသော အဖွဲ့များသည် ယခုလို Zoom Meeting များလုပ်ဆောင်ပြီး လူငယ်များအတွက် အသိပညာများ၊ အတက်ပညာများနှင့် ငြိမ်းချမ်းရေး ကိစ္စရပ်များကို အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်ပေးသွားပါမယ်လို့ ဆွေးနွေးလိုပါတယ်။



ကိုအောင်လင်းကြည်

Executive Director

Social Care Volunteer Group

**ဦးမျိုးဆန်းအောင်မှ လူငယ်များ အလုပ်ကိုင်အခွင့်အလမ်း ပိုမိုရရှိအောင် ဘာတွေစီမံဆောင်ရွက်ပေးနေသလဲ။ လူငယ်များ အလုပ်ကိုင်အခွင့်အလမ်း ရရှိဖို့ရန် ဘာတွေများ လုပ်ဆောင်သင့်သလဲ၊ ဘာတွေစီမံသင့်သလဲ ဆိုတာ ဆွေးနွေးပေးစေချင်ပါတယ်။**

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား
# (၂၀၂၀ခုနှစ် - မကွေးတိုင်းဒေသကြီး)



ဦးမျိုးဆန်းအောင်

Skill Development Advisor

HELVETAS (Myanmar)

ဒီနေ့ကျွန်တော်ဆွေးနွေးသည့် အကြောင်းအရာကလည်း ပထမအနေဖြင့် HELVETAS Myanmar ကို ကိုယ်စားပြုတယ်။ ဒုတိယအနေဖြင့် လူငယ်တစ်ယောက်ဖြစ်တယ်။ လူငယ် တစ်ယောက်အနေ ဖြင့် ဘယ်လိုအလုပ်ကိုင် အခွင့်အလမ်းရရှိအောင် လုပ်ဆောင်ကြမလဲဆိုသော ခေါင်းစဉ်ဖြင့်ဆွေးနွေး ချင်ပါတယ်။ ညီအစ်ကို မောင်နှမများ အနေဖြင့် မေးခွန်းများကိုလည်း ပွင့်ပွင့်လင်းလင်း မေးမြန်းလို့ ရပါတယ်။ HELVETAS Myanmar အနေဖြင့် ပြောမယ်ဆိုရင် တာဝန်ထမ်းဆောင်နေတာ ငါးနှစ်တာ ရှိပါပြီ တာဝန်ထမ်းဆောင်ကတည်းက မကွေးမှာဖြစ်သည့်အတွက် မကွေးက ကျွန်တော်၏ ဒုတိယ အိမ်ဖြစ်နေပြီး ဖြစ်ပါတယ်။ တော်တော်များများကိုစီမံကိန်းများတွင် လူငယ်များကို ထားခဲ့လို့မရပါ ဘူး။ ဥပမာ - စီမံကိန်း ဘတ်ဂျတ်များ ရေးဆွဲသည့်နေရာ တွင် ရေးဆွဲပြီးမှ လူငယ်များလုပ်ဆောင်မှု ထက် လူငယ်များ စိတ်ဝင်စားတဲ့အကြောင်းအရာများကို စီမံကိန်းမရေးဆွဲမီက ထည့်သွင်းစဉ်းစား သင့် ပါတယ်။ လူငယ်များအနေဖြင့် မိမိတက်ချင်သော သင်တန်းများ ဥပမာ - ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းများ တက်ချင်ကြတယ်။ ဒီသင်တန်းတွေကရော အလုပ်ဖြစ်ရဲ့လား၊ ဒီလို သင်တန်းတက်လိုက်လို့ လက်ရှိကျွမ်းကျင်ပြီး အသက်မွေးလမ်းကြောင်းအတွက် ဘယ်လောက်ထိ အလုပ်ဖြစ်နေပြီလဲ။ ဒါကိုတိုင်းတာဖို့အတွက် လုပ်သားဈေးကွက်ရှာဖွေရေးများ လုပ်ဆောင်ပါ တယ်။ အစိုးရအာဏာပိုင်အဖွဲ့များနှင့် ချဉ်းကပ်ပြီးတော့ လုပ်ဆောင်သည့် အပိုင်းများ လည်းရှိပါ တယ်။ စီမံကိန်းထဲမှာလည်း အဓိကက လူငယ်ကိုဦးတည်ပြီး လူငယ်အယောက်နှစ်ထောင်က အလုပ် ကိုင်အခွင့်အလမ်း ရရှိရမယ်။ ဒီထဲမှ တစ်ထောင့်ငါးရာသည် ကောင်းမွန်သော အနိမ့်ဆုံးလစာ ရရှိရမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းကို မကွေးတိုင်းက အရပ်ဖက်အဖွဲ့အစည်းများ၊ လူငယ်ရေးရာ ကော်မတီနှင့် လက်တွဲပြီး လုပ်ဆောင်မှာ ဖြစ်ပါတယ်။ လူငယ်အယောက်နှစ်ထောင် ကို ဦးတည်ပြီး ဘယ်နှစ်ယောက်က အလုပ်ကိုင်အခွင့် အလမ်းရရှိမလဲ။ ဘယ်လိုမျိုးနည်းစနစ်ဖြင့် လုပ်ဆောင်ရင် ရနိုင်မလဲဆိုတာ ပြီးခဲ့သော ၂၀၁၉က တည်းက လုပ်ဆောင်သည့် အပိုင်းမှာ ဆိုရင် သင်တန်းပြီးတဲ့ လူငယ်များသည် ခြောက်လမှ တစ်နှစ်အတွင်း ၆၆%လောက်ရှိပါတယ်။ လူငယ်တစ်ယောက် အနေ

ဖြင့် ဆွေးနွေးမယ်ဆိုရင် လူငယ် တစ်ယောက်ဟာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ရှိရမယ်။ မိမိကိုယ်တိုင် လုပ်ချင်တာကို သေသေချာချာ ကိုယ့်ရဲ့ ယုံကြည်ချက်ဖြင့် ပညာရပ်တစ်ခုကို ကောင်းမွန်သော လုပ်ငန်းခွင်မှာ သို့မဟုတ် သင်တန်းကျောင်းမှာ ဖြစ်ဖြစ် လုပ်ကိုင်နိုင်ဖို့ အခွင့်အလမ်း လိုအပ်နေတာ ဖြစ်ပါတယ်။ လူငယ်များအနေဖြင့် ကိုယ်က ဘာဖြစ်ချင်သလဲဆိုတာ စုပေါင်းပြီး ရေးဆွဲကြမယ်။ ကိုယ့်ဝါသနာပါရာ လုပ်ဆောင်မယ်ဆိုရင် တော်တော်များများ မိဘများက ခွင့်ပြုခြင်း မရှိကြပါဘူး။ အင်ဂျင်နီယာဖြစ်မှ၊ တက္ကသိုလ်တစ်ခုခုကဘွဲ့ရမှ ဂုဏ်ရှိတယ်ဆိုပြီး ထင်ကြတာဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးသည့်နေရာမှာ လူငယ်များအနေဖြင့် ကိုယ့်ဝါသနာပါတာကို အမှန်တကယ်သိရှိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ လက်ရှိမှာ မကွေးတိုင်း ဒေသကြီးအနေဖြင့် လူငယ်များဟာ စုစည်းမှုက ပိုမိုအားကောင်းတယ်။ လူငယ်မူဝါဒများ အကောင်အထည်ဖော်သည့်အချိန်မှာ အမှန်တကယ်လိုအပ်သော အကြောင်းအရာများကို လုပ်ဆောင်နေကြပါတယ်။ အခြားသက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး လူငယ်မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုရင် ပိုပြီး အောင်မြင်မယ်လို့ ထင်မြင်မိပါတယ်။ အလုပ်ကိုင်အခွင့်အလမ်းလို့ ပြောတိုင်း အမြဲတမ်း အလုပ်ရှင်နှင့် အလုပ်သမားပဲ ပြောလို့ရမှာ မဟုတ်ပါဘူး။ သင်တန်းတစ်ခုတည်းဖြင့် မဟုတ်ပဲ လုပ်ငန်းခွင်နှင့် ဆက်စပ်ထားမှ ဖြစ်မှာဖြစ်ပါတယ်။ ကိုယ့်တိုင်ကလည်း တကယ်ကို ဂုဏ်သိက္ခာရှိရှိ လုပ်ဆောင်နိုင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော် လုပ်ဆောင်ခဲ့သည့် သင်တန်းဆိုရင် လုံးဝလူငယ်ပဲ သီးသန့်မဟုတ်ပါဘူး။ လုပ်ငန်းရှင် သီးသန့်လည်း မဟုတ်ပါဘူး။

Magway Region



ကိုအောင်လင်းကြည်
Executive Director
Social Care Volunteer Group

**ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ခြင်းနှင့် ပတ်သက်ပြီး ဘေးကင်းလုံခြုံ စိတ်ချဖို့ ဘာတွေ အရေးကြီးသလဲ။ လူငယ်များ ဘေးကင်းလုံခြုံပြီး ရွှေ့ပြောင်းသွားလာခြင်း ဖြစ် အောင် ဘာတွေ လုပ်ဆောင်နေသလဲဆိုတာ ဆွေးနွေးပေးစေလိုပါတယ်။**

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား
# (၂၀၂၀ခုနှစ် - မကွေးတိုင်းဒေသကြီး)



နော်ဖောဖောဝါ

Communication Assistant

International Organization for Migration (IOM)

မင်္ဂလာပါ...ကျွန်မကတော့ နော်ဖောဖောဝါ IOM – Communication Assistant အနေဖြင့် တာဝန်ထမ်းဆောင်နေတာ ဖြစ်ပါတယ်။ ဘာကြောင့် အရေးကြီးသလဲ မပြောခင်မှာ လုံခြုံစိတ်ချပြီးတော့ ပုံမှန်နည်းလမ်းဖြင့် ရွှေ့ပြောင်း သွားလာမယ်ဆိုရင် သူတို့၏ အခွင့်အရေးရရှိမယ်၊ တလေးတစားဖြင့် ဆက်ဆံခံရမယ်။ သူတို့နဲ့ ဆက်စပ်နေသော အန္တရာယ်ကိုလည်း လျော့ချပြီးတော့ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ရွှေ့ပြောင်းသွားလာသူတွေကို ထောက်ပံ့မှုများ လုပ်ဆောင်မှုထက် အကောင်းဆုံး နည်းလမ်းက ရွှေ့ပြောင်းသွားလာစဉ်အတွင်းမှာ ကြံ့ကြံ့ခံနိုင်စွမ်းရှိဖို့ ကူညီလုပ်ဆောင်ဖို့က အရေးကြီးတာ ဖြစ်ပါတယ်။ ဒီလိုရှိလာမယ်ဆိုရင် ရွှေ့ပြောင်းသွားခြင်းနှင့် ပတ်သက်ပြီးတော့ အန္တရာယ်များ၊ ပြင်ပကနေ ဝင်လာနိုင်သည့် ရိုက်ခတ်မှုများကို ရင်ဆိုင်ကျော်လွှား ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ ဥပမာအနေဖြင့် စည်းမျဉ်း၊ စည်းကမ်းများဖြင့် ကာကွယ်ပေးနိုင်သော အထောက်ပံ့များ၊ သင်တန်းများ၊ သတင်းအချက်အလက်များကို လိုအပ်နေတာ ဖြစ်ပါတယ်။ ဒီအရာများကိုသာ ထောက်ပံ့ပေးနိုင်မယ်ဆိုရင် လုံခြုံစိတ်ချရပြီး ရွှေ့ပြောင်းသွားလာနိုင်မှာ ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံရောက်သွားတယ်ဆိုပေမယ့် သူတို့၏ လုံခြုံမှု၊ လက်တွေ့ကျသော သတင်းအချက်အလက်များ ရရှိဖို့က အရေးကြီးနေတာ ဖြစ်ပါတယ်။ သူတို့အလုပ်လုပ်ကိုင်သည့် အချိန်မှာ မိသားစုနှင့်ကလည်း အဆက်အသွယ်မပြတ်ဖို့က အရေးကြီးပါတယ်။ ပြည်တွင်း၊ ပြည်ပ ရွှေ့ပြောင်းသွားလာခြင်းများကို လူငယ်များပြုလုပ်သည့်အချိန်တွင် ကောင်းကျိုးများ ရှိစေနိုင်ပါတယ်။ ဘယ်လိုကောင်းကျိုးလဲ ဆိုရင် သူတို့၏ အခွင့်အရေးသစ်များ ရရှိမယ်၊ ပိုမိုမြင့်မားသော ပညာရေးများ ရရှိမယ်၊ ပိုမိုကောင်းမွန်သော လုပ်ငန်းများကို ရရှိပြီးတော့ လုပ်ငန်းခွင် အတွေ့အကြုံကို ရရှိနိုင်တာ ဖြစ်ပါတယ်။ ကိုယ်ပိုင် အရည်အချင်း၊ အရည်အသွေးကို တိုးတက်အောင် လုပ်ဆောင်ပြီး ယုံကြည်မှုဖြင့် သူတို့အတွက်ကော၊ နိုင်ငံအတွက်ကော၊ အဖွဲ့အစည်းအတွက်ပါ အကျိုးမြတ်များ ဖြစ်စေမှာ ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခါတစ်လေမှာ ငယ်ရွယ်ပြီး ရွှေ့ပြောင်းသွားလာသူများတွင် အထူးသဖြင့် အမျိုးသမီးများ တရားမဝင်သွားလာသည့်အချိန်တွင် သူတို့၏ ရွှေ့ပြောင်းသွားလာမှု လုပ်ငန်းစဉ်တွင် စိန်ခေါ်မှုများ၊

အားနည်းချက်များကို ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ဒီအားနည်းချက်တွေက ကျားမရေးရာ ကဏ္ဍများ၊ ရွှေ့ပြောင်းသွားလာမှု အခြေအနေများ၊ လူမျိုးရေး၊ ဘာသာရေးအခြေအနေများ ခွဲခြားဆက်ဆံခံရတာလို့ ကောင်းမွန်သော အလုပ်ကိုင်အခြေအနေ မရှိတာတို့ အခြေခံလူမှုရေး လုပ်ငန်းများကို လက်လှမ်းမှီခြင်း မရရှိနိုင်တာ၊ အခြေခံလူမှုရေးလုပ်ငန်းဆိုသည်မှာ ကျန်းမာရေးဆိုရင် လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားခြင်း ကျန်းမာရေးဆိုင်ရာများကို လက်လှမ်းမှီ မရရှိနိုင်တာ တို့ဖြစ်ပါတယ်။ ဥပဒေပိုင်းဆိုင်ရာ အကာအကွယ်များ မရရှိနိုင်တာတွေကြုံတွေ့နိုင်ပါတယ်။ ဒါကြောင့် ရွှေ့ပြောင်းသွားလာခြင်း အတွေ့အကြုံက ငယ်ရွယ်သည့်လူများကို အခွင့်ရေးတစ်ခု ဖြစ်စေနိုင်တယ်။ ဒါမှမဟုတ် စွန့်စားမှုတစ်ခုအနေဖြင့် အဆုံးသတ်ဖြစ်စေနိုင်တယ်။ သူတို့ကို ထောက်ပံ့ပေးနေသော မူဝါဒများ အပေါ်မူတည်ပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုအပိုင်းကို ဖြစ်စေနိုင်သလို ဆန့်ကျင်ဘက်အပိုင်းကိုလည်း ဖြစ်စေနိုင်ပါတယ်။ ဥပမာ - တရုတ်ပြည်ကို အမျိုးသမီး/ အမျိုးသားငယ်ရွယ်သူများ ရွှေ့ပြောင်းသွားလာခြင်း ပြုလုပ်သည့်နေရာတွင် တရားမဝင်ရွှေ့ပြောင်းသွားခြင်း ပြုလုပ်သည့်နေရာ စောစောက ပြောသလို အားနည်းချက်များ၊ သူတို့ရင်ဆိုင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ ဒီလိုမျိုးမဖြစ်အောင် လုံခြုံစွာဖြင့် ရွှေ့ပြောင်းသွားလာမှုဖြစ်အောင် ယုံကြည်စိတ်ချရသော သတင်းအရင်းမြစ်ကနေပြီးတော့ တိကျမှန်ကန်သော သတင်းအချက်အလက်ကို ရှာဖွေစုဆောင်းလေ့လာဖို့က အရေးကြီးသော အချက်ဖြစ်ပါတယ်။ သတင်းအချက်အလက်များ ရှာဖွေစုဆောင်းဖို့ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက ဖွင့်လှစ်ထားသော ရွှေ့ပြောင်းသွားခြင်းမပြုလုပ်မီ အကြိုသင်တန်း (PMO)မှာ ရရှိနိုင်ပါတယ်။ အလားတူ IOM ကနေ ရွှေ့ပြောင်းသွားလာမှု အများဆုံးရှိသော နေရာများတွင် Pre Migration Outreach သင်တန်းများကို ပို့ချနေတာ ဖြစ်ပါတယ်။ ရွှေ့ပြောင်းသွားလာမှု လုပ်နေသည့်အချိန် ဒါမှမဟုတ် တစ်ဖက်နိုင်ငံမှာ ရွှေ့ပြောင်းသွားလာမှု လုပ်ဆောင်နေသည့်အချိန်တွင် အကူအညီလိုအပ်ပါက Migration Resouece Center တွေမှာသွားရောက်ပြီး အကူအညီတောင်းခံလို့ရမှာဖြစ်ပါတယ်။ အကယ်၍ တစ်ဖက်နိုင်ငံကို ရောက်သွားချိန်တွင် အခက်အခဲ တစ်စုံတစ်ရာ ရှိခဲ့မယ်ဆိုရင် Migration Resource Center မှာ အကူအညီတောင်းခံလို့ ရမှာဖြစ်ပါတယ်။ ရွှေ့ပြောင်းသွားလာခြင်းများစွာ ရှိသည့်နေရာမှာ သင်တန်းများ ပြုလုပ်ခြင်း မဟုတ်ပဲ တစ်နိုင်ငံလုံး လက်လှမ်းမှီအောင် လူမှုကွန်ယက်စာမျက်နှာမှ တစ်ဆင့် လုံခြုံစွာရွှေ့ပြောင်းသွားလာခြင်း သတင်းအချက်များကို Chat Box မှတစ်ဆင့် အလို

အလျှောက် ဖြေကြားနေတာ ဖြစ်ပါတယ်။ မေးမြန်းချင်သော မေးခွန်း များရှိပါက Chat Boxမှာ မေးခွန်းမေးမြန်းထားလို့ ရပါတယ်။ အရည်အချင်းရှိရှိဖြင့် ရွှေ့ပြောင်းသွား လာဖို့ အလားလာရှိသော လူများကို အလုပ်ကိုင်ရှာဖွေခြင်းများ၊ အလုပ်အကိုင် အင်တာဗျူးများ၊ Communication Skill အစရှိသည်ဖြင့် Skill and Language သင်တန်းများ လုပ်ဆောင်ပေးနေတာ ဖြစ်ပါတယ်။



ကိုအောင်လင်းကြည်

Executive Director

Social Care Volunteer Group

**ဒေါက်တာရာဇာထွန်းမှ လူငယ်နှင့် မျိုးပွားကျန်းမာရေး ဘယ်လို ရှိနေသလဲ။ ဘယ်လောက်ထိ အရေးပါသလဲ။ ဒီအချက်များကို သိရှိထားမယ်ဆိုရင် လူငယ်များအနေဖြင့် ဘယ်လောက်ထိ အရေးပါ အကျိုးကျေးဇူးများနိုင်မလဲ။ အကယ်၍ မသိရှိဘူးဆိုရင် ဘယ်လောက်ထိ ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သလဲ။**



ဒေါက်တာရာဇာထွန်း

Project Manager

MARIE STOPES MYANMAR

လူငယ်များအတွက် မျိုးဆက်ပွားကျန်းမာရေး ဘယ်လောက်ထိ အရေးပါသလဲဆိုရင် လူရယ်လို့ ဖြစ်လာရင် မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်ပြီး လူငယ်မှမဟုတ်ပါဘူး အကုန်လုံးသိရှိရမှာ ဖြစ်ပါတယ်။ မှန်ကန်ပြီးတော့ အရည်အသွေးပြည့်ဝသော မျိုးဆက်ပွားအသိပညာများကို လက်လှမ်းမှီရရှိဖို့ရန် လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ၏ တစ်ခုဖြစ်ပါ တယ်။ မြန်မာနိုင်ငံ၏ လူငယ်မူဝါဒထဲမှာ ကျန်းမာရေးကဏ္ဍထဲတွင် လူငယ်များ၏ လိင်မှုဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ ဝန်ဆောင်မှုများကို လက်လှမ်းမှီအောင် လုပ်ဆောင်ပေးဖို့ အချက် တစ်ချက် ပါဝင်ပါတယ်။ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာသည် လူငယ်များ၏ ဘဝတွင် မရှိမဖြစ်၊ မသိမဖြစ်အရေးပါတယ်လို့ ပြောချင်ပါတယ်။ လူငယ်များ ဘဝတိုးတက်ဖို့ရန် ရည်မှန်းချက်များ ရှိ

ကြတယ်။ ပညာများ သင်ကြားတယ်။ အလုပ်အကိုင်များကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားကြပါတယ်။ သူတို့ရည်မှန်းချက်ကို ရောက်အောင် ကြိုးစားသည့်အချိန်မှာ ဘဝခရီးမှာ အနှောင့်အယှက် အဟန့်အတား ဖြစ်သွားစေနိုင်သည့် မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်သော ပြဿနာများ ကြုံတင်ပြီးတော့ ပြင်ဆင်ထားမှုက အကြောင်းအမျိုးမျိုးဖြင့် အားနည်းချက်များ ရှိပါတယ်။ လူငယ်များက သိချင်ပေမယ့် ယဉ်ကျေးမှုအရ မသင့်တော်ဘူးဆိုပြီး တားမြစ်ထားတာများလဲ ရှိပါတယ်။ လူကြီးမိဘများက မသင်ပေးတာများလဲ ရှိပါတယ်။ ကျောင်းများတွင်လဲ သင်ပေးဖို့ အခက်အခဲ ရှိသည့်ကိစ္စရပ်များလည်း ရှိပါတယ်။ ဒါကြောင့်လူကြီးများက သင်ပေးသည် ဖြစ်စေ မသင်ပေးသည်ဖြစ်စေ ဆယ်ကျော်သက်လူငယ်များတွင် အပျိုဖော်ဝင်စ၊ လူပျိုဖော်ဝင်စမှာ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာများ ကြုံတွေ့လာရပါတယ်။ ဒီလိုမျိုးကြုံတွေ့လာသည့်အချိန်မှာ ဘယ်လိုဖြစ်နိုင်လဲ ဘာတွေဖြစ်နိုင်လဲ ကျွန်တော်တို့ ရှောင်ရန်၊ ဆောင်ရန်ဘာတွေ ရှိသလဲဆိုတာ လူကြီးမိဘများက လူငယ်တွေကို သင်ကြားပေးခြင်း၊ ပြောကြားပေးခြင်း မရှိပါဘူး။ လူငယ်များအချင်းချင်း အပြန်အလှန် သတင်းအချက်အလက် ဖလှယ်ကြတာပဲ ရှိပါတယ်။ အပေါင်းအသင်းများ၏ လှွမ်းမိုးမှုများ၊ လူငယ်လို့ဖြစ်လာရင် သဘာဝအရ လက်တည့်စမ်းချင်ကြတာ ရှိပါတယ်။ ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါး၊ လိင်မှုကိစ္စရပ်များကို စမ်းသပ်လာကြပါတယ်။ လူငယ်ဘဝတွင် စမ်းသပ်လာတာများစွာ ရှိပေမယ့် ကျန်းမာရေး ပြဿနာပေးသည့်အထဲတွင် အသည်း၊ အဆုတ်၊ နှလုံး၊ ကျောက်ကပ်တို့ထက် စာရင် မျိုးဆက်ပွားကျန်းမာရေး ပြဿနာသည် ပိုမိုများပြားပါတယ်။ အချက်အလက်ပြန်ကြည့်မယ်ဆိုရင် ၂၀၁၄ခုနှစ်က ပြုလုပ်ခဲ့သည့် သန်းခေါင်စာရင်း အရဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အသက်(၁၅ မှ ၁၉) အထိ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်နှုန်းသည် အမျိုးသမီး တစ်ထောင်တွင် သုံးဆယ်နှင့် သုံးယောက်ရှိပါတယ်။ မကွေးတိုင်းမှာဆိုရင် အမျိုးသမီးတစ်ထောင်တွင် နှစ်ဆယ့်ခုနှစ်ယောက်သည် ကိုယ်ဝန်ဆောင်ဖြစ်ပါတယ်။ ကျန်းမာရေးရှုထောင့်က ကြည့်မယ်ဆိုရင် ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်ခြင်းသည် အသက်အန္တရာယ်ရှိတာ ဖြစ်ပါတယ်။ ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် လုပ်ဆောင်ခဲ့သည့် Myanmar Demographic Health Survey တွင် မြန်မာနိုင်ငံမှာရှိသော လူငယ်များ၏ အသက်(၁၅နှစ် မှ ၂၄နှစ်) လူငယ်များ၏ ဆယ့်ခြောက်ရာခိုင်နှုန်းကပဲ HIVနှင့် ပတ်သက်သော မှန်ကန်တဲ့ အသိပညာရှိတယ်ဆိုတာ တွေ့ရှိရပါတယ်။ မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်သော မှန်ကန်သည့် အသိပညာမသိရှိထားဘူးဆိုရင် လိင်ကနေတစ်ဆင့် ကူးစက်နိုင်သောရောဂါများ မဖြစ်

နိုင်အောင် ဆောင်ရန်၊ ရှောင်ရန်များကို မသိထားဘူးဆိုရင် အရွယ်မတိုင်ခင်တွင် ကိုယ်ဝန်ရရှိခြင်း၊ အရွယ်မတိုင်ခင် အိမ်ထောင်ပြုရခြင်းများနှင့် ကိုယ်ဝန်ဖျက်ချခြင်း နောက်ဆက်တွဲပြဿနာများ ဖြစ်ပွားနိုင်ပါတယ်။ ကာလသားရောဂါများ၊ HIV / AIDS ရောဂါများ ဖြစ်ပွားလျှင် သူတို့၏ ဘဝမှာ အချိုးအကွေ့များ ဖြစ်နိုင်ပါတယ်။ ဒီလိုဖြစ်ခဲ့လျှင် ပညာရေးတွင် ဆုံးခန်းတိုင်အောင် မသင်ကြားရခြင်း၊ ကျောင်းကထွက်ရခြင်းများ ဖြစ်ပေါ်နိုင်ပါတယ်။ အလုပ်ဆက်လုပ်ကိုင်ခြင်းမရှိပဲ အလုပ်ကထွက်ရခြင်းများလည်း ဖြစ်ပေါ်နိုင်ပါတယ်။ မျှော်မှန်းချက် ပန်းတိုင်ကို မရောက်သွားဘူးဆိုရင် သူတို့၏ ဘဝရည်မှန်းချက်များ မပြည့်မှီပဲဖြစ်သွားနိုင်ပါတယ်။ ဒီလိုကိစ္စရပ်များ မဖြစ်ပွားအောင် အသက်အရွယ်အလိုက် ကိုက်ညီသော မျိုးဆက်ပွားကျန်းမာရေး အသိပညာများကို လက်လှမ်းမှီသိရှိအောင် လုပ်ဆောင်သင့်ပါတယ်။ မှန်ကန်ပြီးတော့ အရည်အသွေးပြည့်ဝသော လိင်မှုဆိုင်ရာမျိုးဆက်ပွားကျန်းမာရေး ကိစ္စများကို သိရှိထားမယ်ဆိုရင် လူငယ်များအနေဖြင့် လက်ရှိလူငယ်ဘဝမှာ ကျန်းမာပျော်ရွှင်သော လူငယ်ဘဝကို ပိုင်ဆိုင်နိုင်မှာဖြစ်သလို၊ ဘဝခရီးမှာ ပြဿနာဖြစ်ပေါ်စေနိုင်သော မျိုးပွားပြဿနာများ ဖြစ်ပေါ်လာသည့် အချိန်တွင် အလွယ်တကူ ကျော်ဖြတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လူငယ်များ၏ ရည်မှန်းချက် ပန်းတိုင်ကို ဖြောင့်ဖြောင့်တန်းတန်း ရောက်ရှိနိုင်မှာဖြစ်ပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။



ကိုအောင်လင်းကြည်

Executive Director

Social Care Volunteer Group

**ဦးသင့်ထက်ဝေ (လူငယ်ရေးရာ ကော်မတီ) - လူငယ်ရေးကော်မတီတွင် လူငယ်များပါဝင်ခွင့်ရှိလာပါတယ်။ အရင်ကထက် လူငယ်များအတွက် ကော်မတီလည်း ဖွဲ့စည်းလာနိုင်ပြီဆိုတော့ ဘာတွေ ပိုပြီးတော့ အခွင့်အလမ်းများ ရှိလာနိုင်သလဲ၊ ဘယ်လိုအခက်အခဲများ ရှိနိုင်သလဲဆိုတာ ဆွေးနွေးပေးစေလိုပါတယ်။**

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား
# (၂၀၂၀ခုနှစ် - မကွေးတိုင်းဒေသကြီး)



ကိုသင့်ထက်ဝေ
အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ

ကျွန်တော်အနေဖြင့် လောလောဆယ် အစည်းအဝေးမှာ တက်ရောက်နေသော ရဲဘော်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုပါတယ်။ နှစ်စဉ်တိုင်းမှာ လူငယ်ပွဲသည် ဒီလိုမျိုးမဟုတ်ပါဘူး။ လူငယ်များတွေ့ဆုံပြီး ဆွေးနွေးကြတာဖြစ်ပါတယ်။ ခုနှစ်ကတော့ လွမ်းစရာ ဖြစ်ပါတယ်။ ဒါပေမယ့် Online ပေါ်က တက်ရောက်ပေးသော ကျွန်တော်တို့၏ ရဲဘော်များကို မင်္ဂလာပါလို့ ပြောကြားချင်ပါတယ်။ လူငယ်ကော်မတီအနေဖြင့် သွားခဲ့သည့် သက်တမ်းတစ်ခုတော့ ရှိခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် သွားခဲ့သည့် ခရီးက ဘယ်ကိုရောက်နေပြီလဲဆိုတာ ပြန်ကြည့်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ရဲဘော်ဟောင်းများဖြင့် ၂၀၁၂ - ၂၀၁၃ခုနှစ်ကတည်းကတိုင် မောင်းနှင်ခဲ့သော ဒီခရီးသည် ၂၀၂၀ခုနှစ်ကို ရောက်ခဲ့ပြီ ဖြစ်ပါတယ်။ လူငယ်ကော်မတီကို အမှန်တကယ် အကောင်အထည်ဖော်မည့် လူငယ်ကော်မတီများလည်း ပေါ်ပေါက်လာပြီ ဖြစ်ပါတယ်။ အခြားတိုင်းနှင့် ပြည်နယ်ထက် မကွေးတိုင်းက မြို့နယ်ကော်မတီထိအောင် ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ အောင်မြင်အနေဖြင့် လူငယ်များ စုစည်းမိနေပြီး ဘယ်ကို သွားမယ်ဆိုသော လမ်းကြောင်းလဲ ပေါ်ပေါက်နေပြီ ဖြစ်ပါတယ်။ ပြဿနာက ကျွန်တော်တို့လူငယ်များ၏ ပါဝါဘယ်လောက်ရှိနေသလဲ ဆိုတာ လူငယ်များ ပြန်လည်သုံးသပ်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဥပမာ - ညပိုင်းမှာ လူငယ်တစ်ယောက် ဖားထိုးခံရရင် လူငယ်မူဝါဒက ဘာလုပ်ပေးမှာလဲ။ ကိုယ့်အခွင့်အရေးကို ရဖို့ ဆန္ဒပြနေသော လူငယ်များလည်း ရှိပါတယ်။ ဆန္ဒပြလို့ဖမ်းခံရသည့် လူငယ်များအတွက် ကျွန်တော်တို့က ဘာတွေလုပ်ဆောင်ပေးမှာလဲ။ တိကျသော ကျွန်တော်တို့၏ ရပ်တည်မှုက ရှိမနေသေးပါဘူး။ ကျွန်တော်တို့ လုပ်သည့် လုပ်ငန်းစဉ်က မြို့နယ်၊ ကျေးရွာများကို သွားရောက်ပြီ ကော်မတီကို မိတ်ဆက်တုန်း အဆင့်ပဲရှိပါသေးတယ်။ လူငယ်များ၏ အသံကို ဖော်ထုတ်နိုင်သော အဆင့်ပဲ ရှိပါသေးတယ်။ ကျွန်တော်တို့၏ သွားချင်သော လမ်းကြောင်းသည် ဒီနားတင်မဟုတ်ပဲ ရှေ့ဆက်ဖို့ ခရီးများစွာ ကျန်ပါသေးတယ်။ ကျွန်တော်တို့ သုံးဆယ်ငါးနှစ်ကျော်ရင် ဒီထဲမှာ ပါဝင်တော့မဟုတ်ပါဘူး။ ကိုယ့်ရောက်နေသည့် ပန်းတိုင်ကို ကိုယ့်တိုင် စိုက်ထူဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ လူငယ်ကော်မတီအနေဖြင့် ကိုမျိုးဆန်းအောင်တို့ဆီက အကြံဉာဏ်များရယူပြီး ပိုမို

ကောင်းမွန်အောင် လုပ်ဆောင်မှာ ဖြစ်ပါတယ်။ သိပ်မကြာခင်ပဲ လူငယ်ကော်မတီအနေဖြင့် မဟာဗျူဟာမြောက် လုပ်ဆောင်ဖို့ ခွင့်ပြုချက်ရပြီဆိုရင် ကျွန်တော်တို့လုပ်ငန်းစဉ် ဒီထက်ပိုမိုပြီး အောင်မြင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်...အားလုံးကို ကျေးဇူးတင်ပါတယ်။



ကိုအောင်လင်းကြည်

Executive Director

Social Care Volunteer Group

**လူမှုရေးဝန်ကြီး၊ ဦးခင်မောင်အေးမှ COVID – 19 ကာလအကျော်မှာ လူငယ်များက ပိုမိုပြီး အခက်အခဲ ကြုံလာနိုင်ပါတယ်။ ကြုံတွေ့လာနိုင်သော အခက်အခဲများကို ရင်ဆိုင်နိုင်ရန်အတွက် လူငယ်ရေးရာကော်မတီအနေဖြင့် ဘယ်လို နည်းဗျူဟာများ စီစဉ်ထားလဲ၊ လက်ရှိကော ဘာတွေ ပံ့ပိုးထားသလဲ ဆိုတာကို ဆွေးနွေးပေးစေလိုပါတယ်ခင်ဗျာ။**



ဒေါက်တာခင်မောင်အေး

လူမှုရေးဝန်ကြီး

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ကျွန်တော်တို့ COVID – 19 အကျော်မှာဆိုရင် ကျွန်တော်တို့ နိုင်ငံတင်မကပဲ တစ်ကမ္ဘာလုံးအတိုင်း အတာအနေဖြင့် အလုပ်ကိုင်အခွင့်အလမ်း လျော့ကျမယ်။ စီးပွားရေးများ လျော့ကျမယ်လို့ခန့်မှန်းထားပြီးသား ဖြစ်ပါတယ်။ COVID – 19 အလွန်မှာဆိုရင် မကွေးတိုင်းအနေဖြင့် ပထမအသုတ် တရုတ်ပြည်တော်ပြန်က တစ်သိန်းကျော်လောက် ရှိပါတယ်။ ထိုင်းက ပြန်တာက နှစ်သိန်းကျော်၊ သုံးသိန်းကျော်လောက် ရှိပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးအတွင်းမှာ ပြည်တော် ပြန် ပေါက်၊ တောင်တွင်း၊ မြိုင်၊ အောင်လံ၊ မြို့သစ်တို့ တော်တော်များများသည် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်ပြီး ကိုယ့်မိသားစုကို ထောက်ပံ့နေကြသော လူငယ်များကများပြားပါတယ်။ ဒါကြောင့် COVID – 19 ကာလအလွန်လို့ ဆိုပေမယ့် ထိုင်း၊ တရုတ်တို့ကို ပြန်သွား ဖို့၊ ပြန်လာဖို့ အလုပ်လုပ်ကိုင်ဖို့ မလွယ်ဘူးဖြစ်နေတာ ဖြစ်ပါတယ်။ လူငယ်အများစုကလည်း ကျေးရွာမှာ ရှိနေသည့်အတွက်

ကြောင့် စားဝတ်နေရေးက လူငယ်များအပေါ်တွင် မှီခိုနေရသည့် အတွက်ကြောင့် လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များဖြင့် ဆွေးနွေးသည့်အပိုင်းမှာလည်း တွေ့ရှိချက်အနေဖြင့် ပြည်တော်ပြန် လူငယ်များသည် အလုပ်အကိုင်ကို လိုချင်ကြတယ်၊ အလုပ်ခန့်ပေးရန်လည်း တောင်းဆိုတာများ ရှိပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ဘယ်လို ညွှန်ကြားသလဲဆိုရင် အလုပ်အကိုင်များ လိုချင်တယ်၊ ခန့်ချင်တယ်ဆိုရင် သူတို့ကရော ဘယ်လောက် အရည်အသွေးရှိသလဲ၊ ဘာအရည်အချင်းရှိသလဲ၊ ဘာတွေအခက်အခဲရှိသလဲ၊ ဘာပညာသင်ပေးရရင် ကောင်းမလဲ၊ ဘယ်သူတွေနဲ့ ချိတ်ဆက်ပေးရမလဲဆိုသော မေးခွန်းများကို ကျွန်တော်တို့ကို ပြန်လည်ပြီး မေးခွန်းထုတ်ထားတာ ရှိပါတယ်။ မြို့နယ်တိုင်းက လူငယ်ကော်မတီများအနေဖြင့် ခုနက နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ရည်ညွှန်းသလိုမျိုး လူငယ်များက လယ်ယာစိုက်ပျိုးရေးတွင် ပြန်လည်ဝင်ရောက် လုပ်ကိုင်လို့ရသလား၊ မရဘူးလား။ လူငယ်များက ဘယ်အလုပ်အကိုင်မျိုးကို ဝင်ရောက်လုပ်ကိုင်လို့ရမလဲ။ ဒီလိုကိစ္စမျိုးကို စာရင်းကောက်ပေးဖို့ လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။ လူငယ်များသည် လယ်ယာမှာလည်း မလုပ်ကိုင်နိုင်ဘူး။ ကျန်ရှိသည့် အသိပညာ၊ အတတ်ပညာများကိုလည်း မသိဘူးဆိုရင် ဘယ်လို သင်တန်းမျိုးများပေးရမှာလဲ။ သင်တန်းများ အောင်မြင်သွားရင် ဘယ်လို အလုပ်ခွင်ကို ပို့ဆောင်ပေးရမလဲ၊ ဒါတွေကိုလည်း လူငယ်ကော်မတီက ကြီးမှူးပြီးတော့ မြို့နယ်တိုင်းမှာရှိသော လူငယ်များကစီစစ်ပြီးတော့ တင်ပြပေးမယ်ဆိုရင် လူငယ်အများစု COVID – 19 ကာလအလွန်မှာ အလုပ်လက်မဲ့ ဖြစ်မည့် လူငယ်အများစုကို ပံ့ပိုးကူညီရာ ရောက်မှာဖြစ်ပြီး ကိုယ့်ပြည်တွင်း ငြိမ်းချမ်းသာယာမှုကို ဖြစ်စေမှာဖြစ်သည့်အတွက် လူငယ်ကော်မတီအနေဖြင့် ဒါတွေကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ ကျေးရွာထိရောက်အောင် စိစစ်ပြီး ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် COVID – 19 ကာလ စားဝတ်နေရေးများ အဆင်ပြေအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါအပြင့် COVID – 19 ကာလအပြင် COVID – 19 အလွန်ကာလမှာ စက်မှု၊ လက်မှု သင်တန်းကျောင်းများ၊ စက်မှု၊ လက်မှု သိပ္ပံကျောင်းများကိုလည်း ဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ ကျောင်းနေအရွယ် လူငယ်များအနေဖြင့်လည်း ကျောင်းအိပ်၊ ကျောင်းစားအဖြစ် ထားတော့မှာဖြစ်ပါတယ်။ ဆယ်တန်းအောင်များ၊ ရှစ်တန်းအောင်များလည်း တက်နိုင်အောင် လူငယ်ကော်မတီက ကြီးမှူးပြီးတော့ လူငယ်များက မြို့ရွာများတွင်ရှိသော လူငယ်များကို ဒီကျောင်းများတက်နိုင်အောင် လူငယ်ကော်မတီအနေဖြင့် တိုက်တွန်းနှိုးဆော်ပေးဖို့ ပြောကြားလိုပါ

တယ်။ အလုပ်လက်မဲ့ ဖြစ်နေသော လူငယ်များကိုလည်း စက်မှု၊ လက်မှုကျောင်းများမှ အချိန်ပို သင်တန်းများကို တက်ရောက်နိုင်အောင် ကျွန်တော်မှ တစ်ဆင့်သော်လည်းကောင်း၊ စက်မှု၊ လက်မှု သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆက်သွယ်ပြီးတော့ ဒီသင်တန်းများကို ရရှိအောင် ဆောင်ရွက်ဖို့ရန်အတွက် လူငယ်ကော်မတီ အနေဖြင့် ဆက်လက်ဆောင်ရွက်သွားဖို့ရန် စီမံသွားမှာ ဖြစ်ပါတယ်။ အားလုံးသော လူငယ်များအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားဖို့ ကျွန်တော်အနေဖြင့် မေတ္တာရပ်ခံအပ်ပါတယ်။



ကိုအောင်လင်းကြည်

Executive Director

Social Care Volunteer Group

**ကိုမျိုးဆန်းအောင် - လက်ရှိ အသက်မွေးသင်တန်းများ ဖွင့်လှစ်ထားပါတယ်။ လူငယ်များက သင်တန်းတော့ တက်ရောက်ထားတယ်၊ COVID–19 ကာလမှာဆိုရင် အလုပ်ရရှိဖို့ သေချာပါ့မလား၊ ဘယ်လိုနည်းလမ်းများဖြင့် လုပ်ဆောင်မှ ရမလဲ။ အခွင့်အလမ်းများကတော့ ဘယ်လိုရှိနေသလဲဆိုတာကို ရှင်းပြပေးစေချင်ပါတယ်။**



ဦးမျိုးဆန်းအောင်

Skill Development Advisor

HELVETAS (Myanmar)

လက်ရှိမကွေးတိုင်းဒေသကြီးကို အခြေခံပြီးတော့ ဆွေးနွေးကြည့်ပါမယ်။ COVID–19 သည်လည်း မကွေးတိုင်းဒေသကြီးတင် မဟုတ်ပဲ မြန်မာနိုင်ငံအတိုင်းအတာ၊ တစ်ကမ္ဘာလုံး အတိုင်းအတာ ဖြစ်နေတာ ဖြစ်ပါတယ်။ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းကို ချဉ်းကပ်တော့မယ်ဆိုရရင် သေချာတာတစ်ခုသည် လူငယ်များကိုပဲ အလုပ်ရှာဆိုပြီး သွားပြောလို့မရဘူး။ အလုပ်ရှင်များကို လည်း အလုပ်ပေးပါဆိုပြီး သွားပြောလို့မရပါဘူး။ စောစောက ဝန်ကြီးပြောကြားသွားသလိုပါပဲ ဘယ်အရည်အချင်းက ဘယ်နေရာမှာ လိုအပ်သလဲ၊ ဘယ်အလုပ်က ဘာတွေလိုအပ်သလဲ၊ ကောင်း

မွန်သော အလုပ်ကိုင် အခွင့်အလမ်း ဖြစ်မလဲ။ ကောင်းမွန်သော ဝင်ငွေရသော လုပ်ငန်းဖြစ်မလဲ။ ဘယ်လောက်ထိ အာမခံချက် ပေးနိုင်မလဲ။ COVID–19 အတွင်းနှင့် အလွန်ကာလမှာကော ဘာတွေ လိုအပ်မလဲဆိုရင် ယခုလက်ရှိ ရှိထားသော မူဝါဒတွင် ထည့်သွင်းစားဖို့ လိုအပ်မယ်လို့ ထင်မြင်မိပါတယ်။ ကျွန်တော်တို့က လက်ရှိသည် အလှူရှင်များနှင့် လည်ပတ်ပါတယ်။ COVID–19 သည် ပညာရှင်များခန့်မှန်းချက်နဲ့ဆိုရင် နောက်နှစ်ထိသွားနိုင်သည့် အတိုင်းအတာ ဖြစ်ပါတယ်။ COVID–19 ကို ကြိုက်/မကြိုက်ဆိုတာထက် ကျွန်တော်တို့၏ နေ့စဉ်လုပ်ငန်းစဉ်များတွင် ပါဝင်လာတော့မှာ ဖြစ်ပါတယ်။ HELVETAS အနေဖြင့် ပြောမယ်ဆိုရင် အရင်ကလုပ်ကိုင်ထားတာသည် သင်တန်းပေးခြင်းသည် အလုပ်သက်သက်၊ သင်တန်းသက်သက် မဟုတ်ပါဘူး။ လုပ်ငန်းခွင်တွင် အလုပ်ရှင်ကိုယ်တိုင် ပေးထားသော သင်တန်းများ ဖြစ်ပါတယ်။ ကြီးကြီးမားမား မဟုတ်သည့်အတွက် အလုပ်အကိုင် ကြီးကြီးမားမား ဖန်တီးမပေးနိုင်ဘူး ဖြစ်ကောင်း၊ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် လုပ်ငန်းအသေးများဖြစ်သည့်အတွက် နေထိုင်စားသောက်ရန် အခွင့်အရေး ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ နောက်ထပ်အခွင့်အရေး တစ်ခုရှိတာက လူငယ်ပိုင်းအနေဖြင့် ချဉ်းကပ်မယ်ဆိုရင် နှစ်ပိုင်းရှိတာ ဖြစ်ပါတယ်။ တစ်ပိုင်းအနေနဲ့ကတော့ အလုပ်ရှာနေသော လူငယ်များရှိမယ်၊ နောက်တစ်ပိုင်းက လုပ်ငန်းရှင်လူငယ်များ ဖြစ်ပါတယ်။ လုပ်ငန်းရှင်လူငယ်များ ဆိုသည့်အတိုင်း တော်တော်များများသည် စွန့်ဦးတီထွင်သူများ ရှိလိမ့်မယ်။ ယခုဆိုရင် ကိုယ့်ရဲ့လုပ်ငန်းကို ပြန်လည် သုံးသပ်သည်များ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ အားနေသည့်အချိန်မှာလည်း ကိုယ့်ရဲ့အရည်အသွေးပိုင်းဆိုင်ရာ Soft skill & Hard Skill ပိုင်းကိုလည်း အိမ်မှာနေပြီး တက်ရောက်လို့ ရနိုင်မှာ ဖြစ်ပါတယ်။ လုပ်ငန်းရှင်များဘက်ကလည်း စတင်ချဉ်းကပ်လာပြီ ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ရန်ကုန်မှာဆိုရင်လည်း အပေါင်းအသင်း Digitial Companyတွေက အရမ်းကိုအလုပ်များ ဖြစ်နေပါတယ်။ COVID–19ကို ပြောတိုင်း လူငယ်တွေကိုပဲ အလုပ်ကိုင် အခွင့်အလမ်းရရှိအောင် ပြောကြားခြင်းမဟုတ်ပဲ၊ လူငယ်များ အလုပ်လုပ်နိုင်အောင် လူငယ်များ၏ လက်ရှိအားသာချက်ဖြစ်သော Digital Platform ကနေပြီးတော့ လုပ်ငန်းရှင်များနှင့် အစိုးရကိုယ်တိုင်က အားပေးပြီး ပူးပေါင်းလုပ်ဆောင်သင့်ပါတယ်။ ဒီလိုမျိုး လုပ်ဆောင်နိုင်မယ်ဆိုရင် COVID–19 အလွန်မှာလည်း အလုပ်အကိုင်အခွင့်အလမ်း ရရှိလာမှာ ဖြစ်ပါတယ်။ လူငယ်များအနေဖြင့် COVID–19ကာလသည် ကြီးမားသော အခက်အခဲဖြစ်သော်လည်း တစ်ဖက်မှာ ကိုယ်အမှန်တကယ်လိုချင်သော အပြောင်းအလဲက ကိုယ့်ကိုယ်တိုင် မြင်နိုင်သည့် အပြောင်းအလဲကို မြင်

တွေ့နိုင်ပါတယ်။ လူငယ်များပဲ သီးသန့်လုပ်ဆောင်လို့ မရပါဘူး။ လူငယ်၊ လုပ်ငန်းရှင်နှင့် အစိုးရတို့ ပူးပေါင်းပြီး လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ စောစောက ကိုသင့်ထက်ဝေ ပြောကြားသလိုပဲ လူငယ်များကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်ရှိရမှာဖြစ်ပါတယ်။ ဒါမှသာ လူငယ်များ ကိုယ်တိုင် လိုချင်တာကို လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဆရာမ နော်ဖောဖောဝါမှ COVID–19 အလွန် ကာလတွင် ပြည်ပကို ပြန်သွားနေသည့် လူများလည်း ရှိပါတယ်။ တချို့ကပြန်လာတယ်၊ တချို့က ပြန်လာသွားနေတာ ရှိပါတယ်။ ပြန်သွားဖို့ ပြင်ဆင်နေသူများလည်း ရှိပါတယ်။ ပြည်ပသို့ ပြန်သွားသည့်အချိန်တွင် ဘာတွေကို ဆောင်သွားရမလဲ၊ ဘာတွေရှောင်ရမလဲ။ အရင်တုန်းက Face to Face လုပ်ဆောင်တယ်။ ယခုတော့ ဘယ်လို နည်းလမ်းများဖြင့် အသိပညာပေးနေသလဲ၊ ဘယ်လိုနည်းလမ်းတွေ မဖြစ်မနေသိထားသင့်သလဲဆိုတာ ဆွေးနွေးပေးစေလိုပါတယ်။**



နော်ဖောဖောဝါ

Communication Assistant

International Organization for Migration (IOM)

COVID–19 အလွန်ကာလမှာ လုပ်ဆောင်ထားသင့်အရာများက လက်ရှိရောက်ရှိနေသည့် နိုင်ငံမှာ ဘယ်မူဝါဒ၊ ဥပဒေများက အသစ်တွေ လုပ်ဆောင်ထားသလဲ၊ ဘာသတင်း အချက်အလက်များက တက်နေသလဲ။ ဒီအချက်များကို အစဉ်အမြဲလေ့လာရမှာ ဖြစ်ပါတယ်။ ကိုယ့်ရောက်နေသော ဒေသမှာ လိုအပ်ချက်အသစ်များ ဥပမာ - စာရွက်စာတမ်း အသစ်များ၊ လိုအပ်ချက် အသစ်များကို သိထားရမယ်။ အလုပ်သမား အခွင့်အရေးကို ပိုမိုကာကွယ်နိုင်ဖို့အတွက် တရားဝင်လမ်းကြောင်းကိုပဲ ခွင့်ပြုပေးဖို့ တိုက်တွန်းလိုပါတယ်။ ဒီအချက်ကတော့ ဆောင်သင့်သော အချက် ဖြစ်ပါတယ်။ နောက်တစ်ချက်က ရှောင်သင့်သည့် အရာများသည် သတင်းအမှားတွေကို သတိပြုရမယ်။ သတင်းအချက်အလက်များသည် ယုံကြည်သင့်တဲ့နေရာကလာသလားဆိုတာ ကြည့်သင့်ပါတယ်။ ပွဲစားများ၏ မမှန်ကန်သော ကတိကဝတ်ပြုတာကို သတိထားရမှာဖြစ်ပါတယ်။ ကျွန်မတို့အနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်ပြီး သတင်းအချက်များကို လူမှုကွန်ယက်စာမျက်နှာမှ

တစ်ဆင့်ဖြန့်ဝေ သွားဖို့ ရှိပါတယ်။ ရွှေ့ပြောင်းသွားလာမည့် လူများကို Soft Skill & Hard Skill ဆိုပြီး သင်တန်းထပ်မံ ပေးသွားဖို့ ရှိပါတယ်။ နောက်တစ်ချက်က ပြန်လာသည့် Youth Migrant များသည် သူတို့က အခြားနိုင်ငံတွင် တက်ကျွမ်းပြီးပြန်လာကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ပြန်မသွားချင်ရင် တောင်မှ မြန်မာနိုင်ငံမှာပဲ ပြန်လုပ်နိုင်ဖို့ သူတို့၏အရည်အချင်းများကို အသိမှတ်ပြုပေးနိုင်သည့် စစ်တမ်းကောက်ပြီး လက်မှတ်လုပ်ပေးဖို့ အစီအစဉ်ကိုလည်း လုပ်ဆောင်ပေးဖို့ စီစဉ်ထားတာ ရှိပါတယ်။



ကိုအောင်လင်းကြည်

Executive Director

Social Care Volunteer Group

**မျိုးဆက်ပွား ကျန်းမာရေးကို လက်လှမ်းမှီအောင် ဘယ်လို လုပ်ကိုင်ပေးနေသလဲ၊ COVID–19 ဖြစ်လာသည့်အခါမှာ မတူညီသည့် နည်းလမ်းများဖြင့် လုပ်ဆောင်နေသလဲဆိုတာ ဆွေးနွေးပေး စေလိုပါတယ်။**



ဒေါက်တာရာဇာထွန်း

Project Manager

MARIE STOPES MYANMAR

Married Stopes Myanmar အနေဖြင့် အသက် (၁၅နှစ် - ၄၅နှစ်)မှာ ရှိသော အမျိုးသား/ အမျိုးသမီး အားလုံးကို မျိုးဆက်ပွား ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာများ ပေးခြင်းများ လုပ်ဆောင်ပါတယ်။ ဒီလိုမျိုး လုပ်ဆောင်သည့်အခါမှာ ကျွန်တော်တို့ အဖွဲ့မှ သင်တန်းပေးထားပြီး ဖြစ်သော ဆရာဝန်များ၊ သူနာပြုများ၊ ကွင်းဆင်းဝန်ထမ်းများမှ တစ်ဆင့် အသိပညာပေးခြင်းများကို တစ်ယောက်ချင်း ဆွေးနွေးခြင်းများ ရှိပါတယ်။ အသိပညာပေး စာစောင်များ ဖြန့်ဝေခြင်းများလည်း ရှိပါတယ်။ အသိပညာပေးခြင်းအပြင် လိုအပ်သော လိင်နှင့်ကျန်းမားရေး ဝန်ဆောင်မှုများ၊

လက်လှမ်းမှီ ရရှိနိုင်ရန်အတွက် ဆေးခန်းများ ဖွင့်လှစ်ခြင်းများလည်း ရှိပါတယ်။ အထိုင်ဆေးခန်းများလည်းရှိပါတယ်။ ရွေ့လျားဆေးခန်းများကို သွားလာရန်ခက်ခဲသည့် နေရာများကို သွားရောက်ပံ့ပိုးပေးတာများလည်း ရှိပါတယ်။ ဝန်ဆောင်မှုပေးနေသော ဆရာဝန်များ၊ သူနာပြုများကို လူငယ်များအတွက် အကျွမ်းတဝင်ဖြစ်မည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုပေးရန် သင်တန်းများ ပေးထားတာ ရှိပါတယ်။ နောက်တစ်ချက်သည် MARIE STOPES MYANMAR Facebook Page ရှိပါတယ်။ မျိုးဆက်ပွားကျန်းမာရေး ဆိုသော Facebook Page ရှိပါတယ်။ ဒီFacebook Page တွေမှတစ်ဆင့် လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ၊ အကြောင်းအရာများ၊ ဆောင်းပါးများကို ဖြန့်ဝေခြင်းများ လုပ်ဆောင်ပါတယ်။ ပြီးတော့ MARIE STOPES ဆေးခန်းနှင့် အကြောင်းအရာများကိုလည်း လေ့လာလို့ရပါတယ်။ မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်ပြီးသိချင်တာများ၊ မေးမြန်းလိုသည်များကို Chat box မှတစ်ဆင့် ဆွေးနွေးတိုင်ပင်လို့ ရပါတယ်။ တချို့ဒေသမှာ လူငယ်စင်တာများ ဖွင့်လှစ်ထားပြီး လူငယ်စင်တာမှ တစ်ဆင့် လူငယ်များအတွက် လိင်နှင့် မျိုးဆက်ပွား အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဝေခြင်းများလည်း ရှိပါတယ်။ နိုင်ငံတကာလူငယ်များနေ့လို အပြည်ပြည်ဆိုင်ရာ သားဆက်ခြားနေ့၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အစရှိသည်ဖြင့် ဒီလိုမျိုးနေ့များတွင် ပါဝင်ပြီးတော့ မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာများကို ဖြန့်ဝေခြင်းများလည်း ရှိပါတယ်။ COVID-19 အလွန်မှာဆိုရင် အားလုံးက Online Platform ကိုရောက်လာတာ ဖြစ်သည့်အတွက်ကြောင့် နဂိုကတည်းက Social Media မှတစ်ဆင့် သတင်းအချက်များကို ဖြန့်ဝေခြင်းများကို လုပ်ဆောင်တာ ရှိပါတယ်။ ယခုနောက်ပိုင်းမှာတော့ ဒီထက်ပိုပြီးတော့ Social Media ကိုအားပြုပြီးတော့ လူငယ်များဆီသို့ တော်တော်လက်လှမ်းမှီအောင် လုပ်ပေးတာကိုလည်း တွေ့ရပါတယ်။ Social Media မှတစ်ဆင့် အခြား Platform တွေမှတစ်ဆင့် အသိပညာများ ဖြန့်ဝေခြင်းများ လုပ်ဆောင်ဖို့ရန် စဉ်းစားထားတာရှိပါတယ်။ မကွေးတိုင်းထဲမှာဆိုရင်တော့ ၂၀၂၀ထဲမှာ လုပ်ဆောင်မည့် Training Program ရှိပါတယ်။ အဲ့ဒါကတော့ Youth Emporyment Safety and Sexually (YES) ဆိုပြီး လုပ်ဆောင်သွားဖို့ ရှိပါတယ်။ မကွေးတိုင်းထဲက ကျောင်းပြင်ပ အသက်၁၅နှစ်မှ ၂၅နှစ်အတွင်းမှာ ရှိသော လူငယ်များအတွက် လုပ်ဆောင်သွားဖို့ ရှိပါတယ်။ COVID-19 ဖြစ်သည့်အတွက်ကြောင့် တမျိုး

စဉ်းစားထားတာကတော့ Online Platform ကနေဘယ်လို လုပ်ဆောင်မလဲ ဆိုပြီး စဉ်းစားထားတာ ရှိပါတယ်။



ကိုအောင်လင်းကြည်

Executive Director

Social Care Volunteer Group

**ကိုသင့်ထက်ဝေအနေဖြင့် လူငယ်ရေးရာကော်မတီက ဖြစ်ပေါ်လာတာသည် တစ်နှစ်ကျော်ကျော် လောက်ရှိလာပြီဆိုတော့ ဘယ်လိုအခက်အခဲများ ရင်ဆိုင်နေရလဲ၊ COVID-19 အလွန်မှာကော ဘာတွေလုပ်ဆောင်နေပြီး၊ လက်ရှိကော စုစည်းဆောင်ရွက်နေတာများကို ဆွေးနွေးပေးစေချင် ပါတယ်။**



ကိုသင့်ထက်ဝေ

အဖွဲ့ဝင်

မကွေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ

လူငယ်ကော်မတီအနေဖြင့် COVID-19 ကာလမှာ မကွေးတစ်တိုင်းလုံးအနေဖြင့် စေတနာဝန်ထမ်း စာရင်းများ ကောက်ယူပြီး ချိတ်ဆက် ပေးပို့ထားပါတယ်။ ချိတ်ဆက်ဆောင်ရွက်တာက တစ်ပိုင်း၊ အသိမှတ်ပြုခံတာ တစ်ပိုင်းရှိပါတယ်။ အမှန်တကယ် လုပ်ဆောင်ပေးသော လူများကို အသိမှတ်ပြု တာရှိတယ်။ အသိမှတ်မပြုတာ ရှိပါတယ်။ COVID-19 ကာလမှာ အသိမှတ်ပြုခြင်း ခံရခြင်း၊ မခံရ ခြင်းထက် လူငယ်စိတ်ဓာတ်ဖြင့် လုပ်ဆောင်တာများ ရှိပါတယ်။ လက်မှတ်ရေးထိုးသော ဂုဏ်ပြု မှတ်တမ်းများ ပေးတာများလည်း ရှိပါတယ်။ ဆန်အိမ်ထမ်းရတယ်၊ ဆီပုံးထမ်းရတယ် နောက်ဆုံး တော့ အသိမှတ်မပြုခံရဘူး။ ကျွန်တော်တို့ လူငယ်များသည် လုပ်ချင်စိတ်ရှိလို့ ဝင်ရောက်ပြီး လုပ်ကိုင်ပေးခဲ့တာ ဖြစ်ပါတယ်။ COVID-19 အလွန်မှာ ဘာတွေ လုပ်ဆောင်မလဲဆိုရင် အဓိကတော့ ကော်မတီ ဥက္ကဋ္ဌပြောကြားသွားသလို အလုပ်ကိုင်အခွင့်အလမ်းနှင့် ပတ်သက်ပြီး ဦးစားပေး အစီ အစဉ်ထဲမှာ ပါဝင်ပါတယ်။ ဘယ်လိုဖြစ်သလဲ ဆိုရင် ကျွန်တော်နိုင်ငံတွင် အလုပ်သမား များပြားပြီး

အလုပ်ရှင်က ရှားပါးနေပါပြီ။ ကျောင်းတွေပြီးတယ်၊ သင်တန်းများ ပြီးပြီတော့ ဘာလုပ်ဖို့လဲ ဆိုရင် အစိုးရဝန်ထမ်းဖြစ်ဖို့စိတ်ပဲ ရှိတော့ပါတယ်။ ကုမ္ပဏီဝန်ထမ်းဖြစ်ဖို့ပဲ ရှိတော့တယ်။ တကယ်တမ်းက အလုပ်ရှင်ဖြစ်ဖို့ စိတ်က ပျောက်နေတာ ဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း အလုပ်မပေးနိုင်ဘူး။ အဲဒီတော့ အပြင်ထွက် အလုပ်လုပ်ကိုင်တယ်။ အပြင်ကနိုင်ငံတွေကလည်း အဆင်မပြေဆိုတော့ မိမိတို့နိုင်ငံမှာ အလုပ်လက်မဲ့များကလည်း များပြားနေတာ ဖြစ်ပါတယ်။ အလုပ်ရှင် မရှိသည့် ပြဿနာ တက်နေတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့သည် ပညာရေးစနစ်သည် အလုပ်ရှင်ကို အားပေးချင်မှ ပေးလိမ့်မည်၊ ဒါပေမယ့် မူဝါဒများနှင့် စဉ်းစားမယ်ဆိုရင် အလုပ်ရှင်များ ဘယ်လို ပေါ်ပေါက်လာမလဲဆိုသော စဉ်းစားချက်ကို ပြန်စဉ်းစားရမှာ ဖြစ်ပါတယ်။ လူပြန်လည် စုစည်းလို့ ရမယ်ဆိုရင် အစည်းအဝေးများ ထိုင်ပြီး ဆွေးနွေးတိုင်ပင်ကြပါမယ်။ ဘွဲ့ရထားသော လူငယ်ကို အဓိကထားပြီးတော့ Internship Program ပေးဖို့ စီစဉ်ထားတာ ရှိပါတယ်။ ဒီသင်တန်းသည် အစိုးရဌာနရုံးများသို့ သွားရောက်ပြီး စေတနာ့ဝန်ထမ်းအဖြစ် သုံးလဆင်းရမှာ ဖြစ်ပါတယ်။ ကုမ္ပဏီ များတွင် လက်တွေ့ သွားရောက်သင်ကြားရမယ်။ ကြားရက်များတွင် Communication, Leadership စသည့်သင်တန်းများကို သင်ကြားပေးမယ်။ ယခုအစိုးရဝန်ထမ်း တစ်ယောက်ဖြစ် ချင်ရင်တောင်မှ ကျွန်တော်တို့က ရေးဖြေရတယ်။ ရေးဖြေပြီးသွားရင် လူတွေ့ဖြေဆိုရပါတယ်။ ပြီးရင် အစိုးရဝန်ထမ်းဖြစ်သွားသည့် ပုံစံမျိုးဖြစ်ပါတယ်။ ကျွန်တော်တို့ လူငယ်များက ကျောင်းပြီး ပြီးချင်း အစိုးရဌာန/ ကုမ္ပဏီများတွင် စေတနာ့ဝန်ထမ်း လုပ်ကိုင်မယ်ဆိုရင် အရည်အချင်းရှိသော လူငယ်များ ဖြစ်လာဖို့ အလားလာရှိတယ်။ သက်ဆိုင်ရာ အစိုးရဌာနနှင့် ကုမ္ပဏီများကလည်း လူငယ်များကို သိသင့်တာကို သင်ကြားပေးသင့်ပါတယ်။ နောက်ဆုံး ကျွန်တော်တို့ မျှော်မှန်းတာက အစိုးရဝန်ထမ်း မလုပ်ချင်ပဲ ကိုယ့်မြို့ ကိုယ့်ရွာကိုပဲ ပြန်မယ်ဆိုရင် သူတို့ လုပ်ကိုင်ခဲ့သည့်နေရာ ဥပမာ - လူမှုဝန်ထမ်းဌာနမှာ လုပ်ဖူးတယ်ဆိုရင် ကိုယ့်ရပ်၊ ကိုယ့်ဒေသမှာ လူမှုဝန်ထမ်းဌာနက ဘာတွေ လုပ်ကိုင်နေသလဲဆိုတာ ပြန်လည် ပြောပြလို့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် COVID-19 အလွန်မှာ လူစုလို့ ရပြီးဆိုရင် ဒီအစီအစဉ်ကို အကောင်အထည် ဖော်သွားဖို့ ရှိပါတယ်။

## မေးခွန်းများမေးမြန်းခြင်း နှင့် ပြန်လည်ဖြေဆိုမှုများ

**ဆလိုင်းသန်းဝင်း** - ကျွန်တော် မေးချင်တာကတော့ ဆရာမနော်ဖောဖောဝါကို မေးချင်တာဖြစ်ပါတယ်။ ပြည်ပအလုပ်သမားနှင့် ပတ်သက်ပြီး ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ပြည်ပ ထွက်ခွာခါနီး ဥပမာ - မနက်ဖြန်ထွက်ခွါမယ်ဆိုရင် ဒီနေ့လိုနေမျိုးမှာ COVID-19 ရောဂါဖြစ်ပွားသည့်အတွက် လေယဉ်လက်မှတ်ကော အခြားစာရွက်၊ စာတမ်းများအားလုံး ပြုလုပ်ပြီးသွားပြီး မထွက်ရပဲ ဖြစ်သွားတယ်။ ကျွန်တော်ရပ်ရွာမှာ ပြည်ပကို သွားဖို့ ခရီးစရိတ်အတွက် အတိုးများယူထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် သူတို့၏ လူနေမှုဘဝများ အရမ်းကို ခက်ခဲသွားတာ ဖြစ်ပါတယ်။ သူတို့ရင်ဖွင့်သံတွေကတော့ ပြည်ပကို ဘယ်ချိန်သွားရမလဲ မသိသည့်အတွက် ဒီငွေကြေးများကို အရမ်းကို လိုအပ်နေတာ ဖြစ်ပါတယ်။ အစိုးရနှင့် အခြား agency များကိုလည်း ငွေကြေးများ ပေးသွင်းပြီး ဖြစ်ပါတယ်။ ယခုအချိန်မှာ အစိုးရနှင့် agency များကလည်း ဘာမျှပြန်မလုပ်ပေးသည့် အတွက်ကြောင့် အရမ်းကို ခက်ခဲနေပါတယ်။ ဒါကြောင့် ဒီအပေါ်မှာ ဆရာမတို့အနေဖြင့် ဘာတွေများ လုပ်ဆောင်ပေးနိုင်မလဲ ဆိုတာ ဖြေကြား ပေးစေချင်ပါတယ်။

**နော်ဖော်ဖော်ဝါ** - COVID-19ကြောင့် မသွားလိုက်ရသေးဘူး ဆိုလို့ရှိရင် ပြည်ပကို ပြန်မသွားချင်တော့ ဆိုလို့ရှိရင် ပိုက်ဆံများကို ပြန်လည် ထုတ်ယူလို့ ရပါတယ်။ Agency များကို ပြန်လည် ပြောပြပြီး ထုတ်ယူလို့ရပါတယ်။ အကယ်၍ အဆင်မပြေဘူးဆိုရင် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ရေး ဗဟိုဌာန(MRC) နှင့် ချိတ်ဆက်ပြီး အခြေအနေများကို ပြောပြပြီး အကူအညီရယူ၍ ပြန်ထုတ်ယူလို့ ရပါတယ်။ မယ်ရွှေ့ပြောင်း၏ Chat Box မှာလည်း ဖုန်းနံပါတ်များကို တောင်းယူလို့ ရပါတယ်။ မြို့နယ်အလိုက် ဆက်သွယ်ရမည့် လိပ်စာများ ပေးပို့ပေးပါမယ်။

**ကိုနိုင်ရဲဖြိုး(ရှမ်းပြည်တောင်တိုင်း)** - ၂၀၁၉ခုနှစ်မှာ လူငယ်ရေးရာကော်မတီက စတင်လှုပ်ရှားခဲ့ တယ်လို့ ကျွန်တော်သိခဲ့ရပါတယ်။ ယခု၂၀၂၀ခုနှစ် ရောက်သည့်အချိန်မှာ လူငယ်ရေးရာ မြို့နယ် ကိုယ်စားလှယ်များ အရွေးခံလိုက်တာကိုလည်း ကြားသိရပါတယ်။ စောစောက ပြောသလို လူငယ် တစ်ယောက်က Accidence တစ်ခုခုဖြစ်လာရင် ဒီလူငယ်ရေးရာ အဖွဲ့အစည်းက ဒီလူငယ်ကို

ဘယ်လို ခုခံကာကွယ်ပေးမလဲဆိုသော အကြောင်းကို အသေးစိတ်သိချင်ပါတယ်။ လူငယ်ကော်မတီက တစ်နှစ်အတွင်း ပြောင်းလဲသလား၊ ဒါမှမဟုတ် ဘယ်နှစ်လောက်မှာ ကိုယ်စားလှယ် ပြောင်းမလဲဆိုတာ သိချင်ပါတယ်။

**ကိုသင့်ထက်ဝေ** - ယခုလိုမေးခွန်းမေးမြန်း ကျေးဇူးတင်ပါတယ်။ လူငယ်ရေးရာ ကော်မတီအနေဖြင့် ယခုမှ စတင်လုပ်ကိုင်နေခြင်း ဖြစ်ပါတယ်။ ဒါကြောင့် တိကျသေချာသော ပတ်ဝန်ကျင်းဖြစ်ဖို့ လိုအပ်ပါသေးတယ်။ နည်းဗျူဟာများ သေချာပေါ်ပေါက်လာပြီးဆိုရင် ဒီမေးခွန်းအတွက် အဖြေရှိလာမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုမှာ ဆိုရင် ငါးနှစ်တစ်ခါ လူငယ်ရေးရာ ကိုယ်စားလှယ်များကို ပြောင်းလဲကြပါတယ်။ တိုင်းနှင့် ပြည်နယ်မှာ ဆိုရင် မြန်မာနိုင်ငံတွင် မူဝါဒများစွာရှိတယ်။ ဖွဲ့စည်းထားသည့် ကော်မတီများစွာလည်း ရှိပါတယ်။ လူငယ်ရေးရာ ကော်မတီ၏ မူဝါဒသည် ပြည်ထောင်စုမှ တိုင်းအဆင့်ကို ချုပ်ကိုင်ထားခြင်း မဟုတ်ပါဘူး။ တိုင်းအဆင့်မှ မြို့နယ်အဆင့်ကို ချုပ်ကိုင်ထားခြင်း မဟုတ်ပါဘူး။ ဒေသခံလူငယ်များ၏ လုပ်ပိုင်ခွင့်ကို လေးစားတယ်။ ကိုယ့်ပိုင် ဆုံးဖြတ်ပိုင်ခွင့်ကို ဖန်တီးထားခြင်း ဖြစ်ပါတယ်။ မကွေးမှာဆိုလို့ ရှိရင် တစ်နှစ်တစ်ကြိမ် ရွေးကောက်ခံပြီး ရွေးချယ်ပါတယ်။

**ကိုအောင်ကိုဝင်း(ကံမ)** - ဆရာမနော်ဖောဖောဝါကို မေးချင်ပါတယ်။ ဆရာမက လူငယ်များ၏ အလုပ်ကိုင်အခွင့် အလမ်းနှင့် ပတ်သက်ပြီး ပြောသွားတာ ရှိပါတယ်။ ယခုဆိုရင် EPR စနစ်ဖြင့် တစ်ဖက်နိုင်ငံကို သွားလာနေသည့် လူငယ်များ ရှိပါတယ်။ ဒီစနစ်က တစ်ဖက်နိုင်ငံကခေါ်သည့် အရေအတွက်နှင့် ပြည်တွင်းက လျှောက်လွှာအရေအတွက်သည် မျှတမှု မရှိသည့်အတွက်ကြောင့် တစ်ဖက် တစ်ထောင်ခေါ်ရင် ပြည်တွင်းက နှစ်ထောင် အအောင်ပေးပြီး ငွေကြေးအကုန်ကျ ခံကာ သင်တန်းများ တက်ရောက်ရပါတယ်။ ဒါကြောင့် သင်တန်းဖြေဆိုထားသော လူငယ်များအတွက်တော့ အာမခံချက် မရှိပါဘူး။ EPR စနစ်က ဒီနှစ်ပါ နားတော့မယ်ဆိုရင် (၂)နှစ်ကြာမြင့် သွားပြီဖြစ်ပါတယ်။ သင်တန်းဖြေဆိုဖို့ သက်ဆိုင်ရာ မြို့နယ်ကို သွားရောက်ရသည့် အတွက်ကြောင့် ငွေကြေး ကုန်ကျစရိတ်များစွာ ရှိပါတယ်။ ဆလိုင်းသန်းဝင်း ပြောသလိုပဲ ငွေကြေးချေးငှားယူကြရပါတယ်။ တစ်နှစ် အတိုင်းအတာ မဟုတ်ပဲ COVID-19 ပတ်သက်ပြီး ဆက်လက်နားရမယ်ဆိုတော့ စာမေးပွဲဖြေဆိုဖို့ ကြိုးစားထားသော ကျောင်းသားများ အနေဖြင့် ငွေကြေးအရမ်းကို ခက်ခဲနေ

ပါတယ်။ ဒါကြောင့် အစိုးရဘက်ကို ဘယ်လို စနစ်များဖြင့် ပိုမိုကောင်းမွန် လုပ်ဆောင်ပေးရန် ဆရာမတို့က ဘယ်လို တင်ပြချက်များ လုပ်ဆောင်နေသလဲဆိုတာ သိချင်ပါတယ်။

**နော်ဖောဖောဝါ** - ဒီအပိုင်းနှင့် ပတ်သက်ပြီး ကျွန်မအနေဖြင့် လုပ်ဆောင်နေသည့် အပိုင်းတော့ မဟုတ်ပါဘူး။ ဆရာ မေးခွန်းမေးမြန်းချက်ကို မှတ်သားထားပြီးတော့ ကျွန်မတို့ သက်ဆိုင်ရာ ဌာနကို တင်ပြပေးမှာ ဖြစ်ပါတယ်။

**ချစ်ကောင်း**(ကျောက်ဆည်ခရိုင်၊ လူငယ်ရေးရာကော်မတီ) - တက္ကသိုလ် ဝင်တန်းပြီးဆုံးသော်လည်း အတက်တန်းပြီး ဆုံးကြောင်း လက်မှတ်ဖြင့် GTI ဝင်လို့ရတယ်ဆိုတာ ဟုတ်၊ မဟုတ်ကို သိချင်ပါတယ်...ခင်ဗျာ။ ဒီကိစ္စက တော်တော်လေး ပြောနေကြတာ ဖြစ်ပါတယ်။ တချို့သမ္မဂနှင့် GTI ဘက်က ကျောင်းသားများက စာတွေ ထုတ်ပြန်တာ ရှိပါတယ်။ ဒီသတင်းက ဟုတ်၊ မဟုတ် တကယ်ကော ဖြစ်လာနိုင်ချေ ရှိ၊ မရှိ သိချင်ပါတယ်။

**ဦးခင်မောင်အေး၊ လူမှုရေးဝန်ကြီး** - GTIကတော့ ဆယ်တန်းအောင်မြင်ပြီးမှ တက်ရောက်ရတာ ဖြစ်ပါတယ်။ ဆယ်တန်းမအောင်မြင်ပဲနဲ့ တက်ခွင့်ပေးမယ်၊ မပေးဘူးဆိုတာလည်း သတင်းအတိကျ ရရှိထားခြင်း မရှိပါဘူး။ ပညာရေး ဝန်ကြီးဌာနကို မေးမြန်းပြီး ဖြေကြားပေးပါမယ်။ ဆယ်တန်းမအောင်ပဲနဲ့တော့ GTI တက်ခွင့် မရပါဘူး။

**တက်ရောက်သူတစ်ဦး** - ကိုသင့်ထက်ဝေအနေဖြင့် ပြောကြားသွားသည့် အစီအစဉ်များကို ဘယ်အချိန်လောက်မှာ အကောင်အထည်ဖော်မလဲလို့ သိချင်ပါတယ်။ လူငယ်များအတွက် လုပ်ဆောင်မည့် အစီအစဉ်ကို ဘယ်အချိန်လောက် သတ်မှတ်မလဲ သိချင်ပါတယ်။

**ကိုသင့်ထက်ဝေ** - နောက်လအတွင်း အစီအစဉ်အတွက် အစည်းအဝေး ခေါ်ဖို့ ရှိပါတယ်။ သေချာတာကတော့ တစ်လ၊ နှစ်လအတွင်း ဖြစ်မှာ ဖြစ်ပါတယ်။ ကော်မတီဥက္ကဌကို တင်ပြမယ်။ တိုင်းအစိုးရကို တင်ပြမှာ ဖြစ်ပါတယ်။ လူငယ်တွေပဲ အစီအစဉ်ကို ရေးဆွဲမှာ ဖြစ်ပါတယ်။ ရေးဆွဲထားသော အစီအစဉ်ကို အကုန်လုံးပါဝင်သော ကော်မတီ အစည်းအဝေးမှာ တင်ပြရပါမယ်။ ဒီအစီအစဉ် အကောင်အထည်ဖော်ဖို့က နည်းနည်းတော့ ကြာမြင့်မယ်။ အစီအစဉ်ရေးဆွဲဖို့ကတော့ နောက်တစ်လ၊ နှစ်လအတွင်း ဖြစ်လိမ့်မယ်။

**ကိုသက်ပိုင်(နတ်မောက်)** - မကွေးလူငယ်ကော်မတီကို မေးမြန်းချင်တာ ဆိုတော့ လူမှုရေးဝန်ကြီး၊ ဦးခင်မောင်အေးကိုပဲ မေးလိုက်ပါတော့မယ်။ ကျွန်တော် ဆန္ဒရှိတာက မကွေးတက္ကသိုလ်တွင် ဘွဲ့လွန် ဒီပလိုမာ သင်တန်းများကို တက်ခွင့်ရမယ်ဆိုရင် မကွေးတိုင်းထဲမှာ ရှိသော လူငယ်များက စွမ်းအင် ပြည့်ဝသော လူငယ်များ ဖြစ်လာမှာ ဖြစ်ပါတယ်။ MPA, MBA, Policial Science အစရှိသည်ဖြင့် သင်တန်းများ ရှိလာစေချင်တယ်။ ဒီလို ရှိလာအောင် ဘယ်ကို တင်ပြရမလဲ ဒါမှမဟုတ် မကွေးတိုင်း လူငယ်ရေးရာကော်မတီအနေဖြင့် ဘာလုပ်ပေးနိုင်မလဲ ဆိုတာကို မေးမြန်းချင်ပါတယ်။

**ဦးခင်မောင်အေး၊ လူမှုရေးဝန်ကြီး** - ကျွန်တော်တို့ ဒီလိုအဖွဲ့အစည်းတွေကတော့ အသက်မွေး ဝမ်းကြောင်းပညာများ သင်ပေးဖို့ မကွေးတက္ကသိုလ်မှာလည်း ဒီလိုဒီပလိုမာများ သင်ကြားပေးဖို့ ညှိနှိုင်းဆွေးနွေးသော အဖွဲ့အစည်းများလည်း လာရောက်တာရှိပါတယ်။ သက်ဆိုင်ရာ တက္ကသိုလ်၊ ကျောင်းများနှင့် သင်တန်းများဖွင့်လှစ်ရန် ညှိနှိုင်းဆောင်ရွက်နေပါတယ်။ တကယ်တမ်းတော့ ဒီသင်တန်းများသည် အဆင့်မြင့်ပညာရေးဌာနက ကိုင်တွယ်နေတာ ဖြစ်သည့်အတွက်ကြောင့် ပြည်ထောင်စုအဆင့်ထိ ညှိနှိုင်းဆောင်ရွက် ပေးရမှာဖြစ်ပါတယ်။ ဒါတွေကို တက္ကသိုလ်အဖွဲ့အစည်း များကသဘောတူလုပ်ပိုင်ခွင့် ပေးမယ်ဆိုရင် ဒါတွေကို တိုင်းဒေသကြီးများ ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် ဝန်ကြီးချုပ်ကလည်း သဘောတူ ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် အကုန်လုံးက ညှိနှိုင်းပြီးတော့ ဆောင်ရွက်နေပါတယ်လို့ ဖြေကြားလိုပါတယ်။

**ကိုကျော်ဇင်လင်း** - COVID-19 နဲ့ ပတ်သက်ပြီး စေတနာ့ဝန်ထမ်း ခေါ်ယူစဉ် အခါက ငဖဲမြို့နယ်မှာ အသင်းအဖွဲ့ မှတ်ပုံတင်ထားသော အဖွဲ့တွေကိုသာ ခေါ်ယူပြီးတော့ သင်တန်းပေးသွားတယ်။ လူငယ်ရေးရာကော်မတီမှာ ပါဝင်သော လူငယ်များကိုတော့ ဘောင်မဝင်ဘူးလား၊ ကော်မတီဝင် ဖြစ်နေပါလျက် ဘာကြောင့် ခေါ်ယူသင်တန်း မပေးတာလဲ။ လွှတ်တော် ကိုယ်စားလှယ်က အစ ကျွန်တော်တို့ကို အသိမှတ်ပြုခြင်း မရှိပါဘူး။

**ဦးခင်မောင်အေး၊ လူမှုရေးဝန်ကြီး** - ကိုဗစ်ကာလမှာ အမျိုးသမီးအဖွဲ့ဝင်များကို တရားဝင် စာထွက်ပြီးတော့ ဒါတွေတော့ လုပ်ဆောင်ပါဆိုပြီး ညွှန်ကြားချက်တော့ မပေးပါဘူး။ အမျိုးသမီး ကော်မတီအနေဖြင့် COVID-19နှင့် ပတ်သက်ပြီး တစ်ဖွဲ့ချင်းစီကို ညွှန်ကြားပြီး လုပ်ဆောင်ခိုင်းတာ

မရှိပါဘူး။ ပြည်သူ တစ်ယောက်ချင်းစီ အနေဖြင့် ကိုယ်ဆောင်ရွက်သော ကိစ္စများကို ဆောင်ရွက်စေတာ ဖြစ်ပါတယ်။ ဒါကြောင့် မြို့နယ်တွေမှာ ရှိသော အသင်းအဖွဲ့များတွင် ဆောင်ရွက်မယ်ဆိုရင် အသင်းအဖွဲ့ကို ဂုဏ်ပြုခြင်း မဟုတ်ပဲနဲ့ တစ်ဦးချင်းစီကို ဂုဏ်ပြုတာ ဖြစ်ပါတယ်။ အဖွဲ့ပါတီများကို ဖိတ်ခေါ်ခဲ့ခြင်း မဟုတ်ပဲနဲ့ တစ်ဦးချင်းကိုသာ ဖိတ်ခေါ်ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ဂုဏ်ပြုလက်မှတ် ပေးအပ်ခြင်းသည်လည်း တစ်ဦးချင်းစီသာ လုပ်ဆောင်စေတာ ဖြစ်ပါတယ်။ မကွေးတိုင်းအနေဖြင့် လုပ်ငန်းစီစဉ် ဆောင်ရွက်တာကတော့ အတွင်းရေးမှူးအဖွဲ့ ကိုဝေယံအောင်နှင့် လူမှုဝန်ထမ်းအဖွဲ့တို့က လိုအပ်ချက်များကို ညှိနှိုင်းပြီးတော့ ဖိတ်ကြားရေးကို ဆောင်ရွက်တာ ဖြစ်ပါတယ်။

**မစုစန္ဒာထွန်း(ဂန့်ဂေါ)** - ဝန်ကြီးကို မေးခွန်းမေးမြန်းချင်တာ ဖြစ်ပါတယ်။ မြို့နယ်လူငယ်ရေးရာကော်မတီနှင့် ပတ်သက်ပြီး လူမှုဝန်ထမ်းရုံးမှာ အစည်းအဝေးများ ပြုလုပ်သည့်အချိန်မှာ လူငယ်ရေးရာ ကော်မတီနှင့် တိုက်ရိုက် အစည်းအဝေး ပြုလုပ်ခြင်း မဟုတ်ပဲ၊ အခြားအစည်းအဝေးများတွင် တက်ရောက်ရခြင်းများ ဖြစ်ပေါ်နေပါတယ်။ ညီမတို့ လူငယ်များအတွက် အချိန်များစွာ မရသည့်အတွက် စကားများစွာ မပြောနိုင်ပဲ ဖြစ်နေပါတယ်။ ဂန့်ဂေါတစ်ခုတည်း မဟုတ်ပဲ၊ ထီးလင်း၊ ဆောပါ ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ လူငယ်ရေးရာ ကော်မတီအနေဖြင့် သီးသန့်အစည်းအဝေး ပြုလုပ်စေချင်တာ ဖြစ်ပါတယ်။ ယခုလောလောဆယ် ဖြစ်နေတာက အခြားအစည်းအဝေးနဲ့ တက်ရောက်နေရတာ ဖြစ်ပါတယ်။ ဝန်ကြီးအနေဖြင့် ဘယ်လိုမျိုး ကူညီပေးနိုင်မလဲ သိချင်ပါတယ်။ လူငယ်ရေးရာ ကော်မတီထဲမှာ မပါဝင်သည့် ဌာနဆိုင်ရာ အချို့ကိုလည်း လူငယ်ရေးရာ ကော်မတီကို ကူညီပေးစေချင်ပါတယ်။ ဂန့်ဂေါခရိုင်က လူငယ်ရေးကော်မတီကို ပစ်ပယ်ခံထားရသလို ဖြစ်နေတာ ဖြစ်ပါတယ်။

**ဦးခင်မောင်အေး၊ လူမှုရေးဝန်ကြီး** - ဂန့်ဂေါ လူငယ်ရေးရာ ကော်မတီအနေဖြင့် ဒီလိုအခက်အခဲများရှိမယ်ဆိုရင် တရားဝင် စာတင်စေချင်ပါတယ်။ ကျွန်တော်အနေဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးများကို အဆင်ပြေအောင် ညွှန်ကြားပေးမယ်လို့ ဖြေကြားလိုပါတယ်။

**ဒေါ်နန္ဒာနွယ်ဟန်၊ ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန** - လူငယ်ရေးရာ အစည်းအဝေးများကို ပြုလုပ်ချင်တယ်ဆိုရင် လူမှုဝန်ထမ်းဌာနနှင့် ချိတ်ဆက်လို့ရသလို၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

နှင့်လည်း ချိတ်ဆက်လို့ရပါတယ်။ ပထမဆုံး လုပ်သည့်အချိန်က လူငယ်အဖွဲ့ များက စုဝေးနေသည့် အဆင့်သာ ရှိပါတယ်။ ယခုနောက်ပိုင်းတွင် လူငယ်အဖွဲ့သည် အားကောင်းလာတယ်။ ထွေအုပ်နှင့်လည်း မိတ်ဆက်ပြီးသွားပြီဖြစ်သည့်အတွက်ကြောင့် ယခုနောက်ပိုင်း အစည်းအဝေးများလုပ်ဆောင်မယ်ဆိုရင် ကိုယ်ကိုယ်တိုင် ဝင်ရောက်တွေ့ဆုံပြီး အချိန်တောင်ယူလို့ ရပါတယ်။ ဂန့်ဂေါသည် အမတို့သိတာက ပထမတုန်းက လူတွေလည်းမရှိဘူး အစည်းအဝေးလဲ လုပ်လို့မရဘူးဆိုသော အတိုင်းအတာ တစ်ခုဖြစ်နေတာ ဖြစ်ပါတယ်။ ပထမအကြိမ်တုန်းက လူတွေ့ပြီး မိတ်ဆက်အဆင့်ပဲ ရှိခဲ့တာပါ။ နောက်ပိုင်းလူငယ်တွေလည်း အားကောင်းလာပြီး ကော်မတီနှင့်လည်း ချိတ်ဆက်မိပြီဆိုရင် ကိုယ်တိုင် သေသေချာချာ အချိန်တောင်းယူပြီး လုပ်ဆောင်မယ်ဆိုရင် ရသွားမှာ ဖြစ်ပါတယ်။ လူမှုဝန်ထမ်းဌာနနှင့်လည်း ချိတ်ဆက်လို့ ရပါတယ်။ ဌာနအနေနှင့်ကလည်း ဂန့်ဂေါမှာရှိသည့် အတွက်ကြောင့် သူတို့လူစုံပြီး ချိတ်ဆက်ဖို့ကလည်း ဌာနမှာလူမရှိသည့်အတွက် အကုန်လုံးကတော့ အနည်းငယ်စိတ်ရှည် သည်းခံရမှာဖြစ်ပါတယ်။

**ဒေါက်တာကြည်စိုးထွန်း** (ဆောမြို့နယ်၊ လူငယ်ရေးရာကော်မတီ၊ အတွင်းရေးမှူး) - ယခုလောလောဆယ် လူငယ်ရေးရာ ကော်မတီမှာ ဘတ်ဂျတ်နှင့် ချထားပေးခြင်း လုပ်ငန်းများအပြင် အခြားလုပ်ငန်းများ လုပ်ဆောင်ချင်သည့်အခါမှာ ဌာနဆိုင်ရာ အနေဖြင့် ကူညီပေးနိုင်မလားဆိုတာ သိချင်တယ်။ ဘတ်ဂျတ်ခေါင်းစဉ်အောက်မှာ မဟုတ်ပဲ အခြား လုပ်ငန်းစဉ်တွေ ဆိုရင်ကော ကူညီပေးနိုင်မလား။ ကျွန်တော်တို့ ကိုယ်တိုင် ဘတ်ကျပ်ရှာပြီး လုပ်ဆောင်မည့် အပိုင်းတွေမှာကော ကူညီပေးနိုင်မလား။

**ဒေါ်နန္ဒာနွယ်ဟန်၊ ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန** - ဘတ်ဂျတ်အနေဖြင့် ကိုဝေယံအောင်ကို ချပြထားပြီး ဖြစ်ပါတယ်။ ဘာတွေလုပ်ကြမလဲ၊ ဘာသင်တန်းများ ပေးအပ်မလဲ၊ စီမံချက် တင်ခိုင်းပါတယ်။ ပွင့်လင်းလင်း အားလုံးကို ချပြထားတာ ရှိပါတယ်။ ဒါပေမယ့် အမတို့ ထင်သလောက် တက်လာခြင်း မရှိပါဘူး။ အမတို့ အနေဖြင့် ဘတ်ဂျတ်အကုန်လုံးကို ချပြထားပြီး ဖြစ်ပါတယ်။ လုပ်မည့်လူများတက်လာခဲ့ပါ စီမံချက်က ကောင်းမွန်ရင် ချထားပေးမှာ ဖြစ်ပါတယ်။ စီမံချက် နှစ်ခု၊ သုံးခု တက်လာမယ်ဆိုရင် အမတို့က ပြန်စဉ်းစားရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် သုံးမည့် ပိုက်ဆံများ ကျန်ပါသေးတယ်။ အမကတော့ ဝေယံအောင်နှင့် ချိတ်ဆက်တာ ဖြစ်ပါတယ်။ အမတို့က

အားလုံးကို မသိပါဘူး။ ဝေယံအောင်ကိုလည်း ပြောထားပါတယ်၊ ပိုက်ဆံများကျန်ရှိနေသေးတာကို သုံးမယ်ဆိုရင် စီမံချက်နဲ့ လုပ်ဆောင်ပါလို့ ပြောထားပါတယ်။ စီမံချက်ရှိမှသာ အမတို့က ချထားပေးလို့ရမှာ ဖြစ်ပါတယ်။ ကျန်ရှိသည့် ဌာနဆိုင်ရာများနှင့် လုပ်ဆောင်မယ်ဆိုရင်လည်း ဘာလုပ်ချင်တာလဲ၊ ဘာကို ကူညီစေချင်တာလဲကို ရှင်းရှင်းလင်းလင်း ပြောပေးမယ်ဆိုရင် လူငယ်ကော်မတီအနေဖြင့် တရားဝင်ဖွဲ့စည်းထားသည့် အပိုင်းဖြစ်ပါတယ်။ ဌာနဆိုင်ရာများ အနေဖြင့် ဘယ်အပိုင်းကနေပြီးတော့ ရှင်းရှင်းလင်းလင်း တိတိကျကျ ပြောပေးရင် အဆင်ပြေမှာ ဖြစ်ပါတယ်။ ဌာနဆိုင်ရာ ဆိုတာ ဌာနဆိုင်ရာ ဘတ်ကျပ်လိုင်းအရပဲ အသုံးပြုရတာ ဖြစ်ပါတယ်။ စောစောက ပြောသလိုပဲ ဘာလုပ်မှာလဲ၊ ဘာကိုကူညီပေးရမှာလဲ၊ ကူညီပေးနိုင်သည့် အတက်အတာဆိုရင် ကူညီပေးမှာ ဖြစ်ပါတယ်။ ဝန်ကြီးကိုယ်တိုင် ပြောထားပြီးသားပါ၊ စီမံချက်တက်လာသည့် အပေါ်မှာ ကြည့်ပြီး ကူညီပေးလို့ရမှာ ဖြစ်ပါတယ်။ ဌာနဆိုင်ရာ ဖြစ်သည့်အတွက်ကြောင့် ဘယ်အပိုင်းကို ကူညီနိုင်တယ်၊ ဘယ်အပိုင်းကို မကူညီနိုင်ဘူးဆိုတာ ရှိပြီးသား ဖြစ်ပါတယ်။

**မနှင်းချယ်ရီ (ချောက်)** - မေးချင်တာတော့ ဦးမျိုးဆန်းအောင်က အလုပ်ကိုင်အခွင့်အလမ်းနှင့် ပတ်သက်ပြီး ပြောကြားသွားတာ ရှိပါတယ်။ လူငယ်ရေးရာ ကော်မတီနှင့် ပတ်သက်ပြီး ချောက်မှာဆိုရင် အရမ်းကိုအားနည်းပါတယ်။ လူငယ်များအချင်းချင်း နှီးနှောဖလှယ်ခြင်းများ၊ ချောက်မြို့နယ်ဆိုရင် ဒီလိုမျိုးကိစ္စရပ်များက အရမ်းကို အားနည်းတယ်။ ၂၀၁၆ခုနှစ်တုန်းက ဆိုရင် လူငယ်ကွန်ယက်ဆိုသော အဖွဲ့အစည်း ချောက်မြို့မှာ ဖွဲ့စည်းပါတယ်။ ဖွဲ့စည်းသည့်အချိန်လောက်ပဲ အားကောင်းပါတယ်။ နောက်ပိုင်း ချောက်မြို့မဟုတ်ပဲ နယ်ဘက်က လူများက ဝင်ရောက်အရွေးခံလိုက်တော့ သူတို့ကလည်း အလုပ်မအားသည့်အတွက် လူငယ်ကွန်ယက်သည် လုံးဝဖျက်ဆီးသွားတာ ဖြစ်ပါတယ်။ ဒါကြောင့် အလုပ်ကိုင်အခွင့်နှင့် ပတ်သက်ပြီး လူငယ်အချင်းချင်း တွေ့ဆုံနေမှ အစည်းအဝေးများ ပြုလုပ်နေမှ အလုပ်ကိုင်အခွင့်အလမ်းက ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ချောက်မြို့နယ် အတွင်း လူငယ်များ အားကျိုးမာန်တက် လုပ်နိုင်ဖို့အတွက် ဘယ်လိုများ စီစဉ်ပေးနိုင်မလဲ။ နောက်တစ်ချက်က ချောက်မြို့နယ်၊ လူငယ်ရေးရာ ကော်မတီအဖွဲ့အစည်းများအဖြစ် စနစ်တကျလာရောက် ဖွဲ့စည်းပေးစေချင်ပါတယ်။

မကွေးတိုင်းအတွင်း လူငယ်အချင်းချင်း တွေ့ဆုံဖို့ အားနည်း နေရာတွေမှာ အကိုတို့ဘက်က လူငယ်များကို စကားဝိုင်းဖြစ်ဖြစ်၊ အစည်းအဝေးဖြစ်ဖြစ်၊ လူငယ်ကွန်ယက်လိုမျိုး ဖွဲ့ပေးစေချင်ပါတယ်။ အမှန်တကယ် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသော လူများနှင့် ဖွဲ့စည်းပြီး လုပ်ဆောင်မယ်ဆိုရင် မကွေးတိုင်း တစ်တိုင်းလုံး တိုးတက်မယ်လို့ ထင်မြင်မိပါတယ်။



## မကွေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးမှ နိဂုံးချုပ်အမှာစကားပြောကြားခြင်း

ဒီနေ့စကားဝိုင်းတွင် လူငယ်များ အယောက်တစ်ရာကျော် တက်ရောက်တာလည်း တွေ့မြင်ရပါတယ်။ လူငယ်ကော်မတီအနေဖြင့် ဆက်လက်ပြီး ဆောင်ရွက်ချင်တာများလည်း ရှိပါတယ်။ လူငယ်များ အနေဖြင့် မြို့နယ်၊ ကျေးရွာများ အထိ အကုန်လုံးပါဝင်အောင် ရွေးချယ်ဖို့ရန် နှစ်အလိုက် ဆက်လက် ဆောင်ရွက်ပေးဖို့ ရှိပါတယ်။ တချို့မြို့နယ်က မသိလိုက်ပဲ အမှန်လုပ်ဆောင်နိုင်မည့် လူငယ်များ မပါဝင်သည့်အတွက်ကြောင့် ဝမ်းနည်းတယ်ဆိုတာလည်း ကြားသိရပါတယ်။ ကျွန်တော်တို့ အနေဖြင့် အင်အားခိုင်မာအောင် တကယ်ကို ဆောင်ရွက်နိုင်သည့် မြို့နယ်၊ ကျေးရွာများမှ လူငယ်အင်အားစုကိုလည်း အလိုရှိနေတာ အမှန်တကယ်ဖြစ်ပါတယ်။ တကယ်တော့ လူငယ်များက အစည်းအဝေးများ ပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး တိုင်းမှာတော့ လာရောက်တက်ရောက်သော လူငယ်အင်အားကတော့ အားနည်းပါတယ်။ ကျွန်တော်တို့ အနေဖြင့် လိုအပ်ချက်များ ရှိနေဦးမှာ ဖြစ်ပါတယ်။ အခန်းမပေးနိုင်တာတို့၊ ဆက်သွယ်မှု အားမကောင်းသေးတာလည်း ရှိပါတယ်။ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ရေးရာ ကော်မတီအနေဖြင့် ဆက်လက်ရှင်သန်ပြီး တိုးတက်အောင် ဆောင်ရွက်ရမှာ ဖြစ်သလို၊ ပညာပေးမည့် အဖွဲ့အစည်းများ၊ INGO, NGO များနှင့်လည်း ချိတ်ဆက်ပြီး လူငယ်များကို အလုပ်ကိုင်အခွင့်များ ရရှိလာအောင် ပညာရေးများ တိုးတက်လာဖို့၊ စွမ်းဆောင်ရည်များ တိုးတက်လာဖို့ ကျွန်တော်တို့ များစွာ ဆောင်ရွက်စေချင်ပါသေးတယ်။ ဒါကြောင့် ယနေ့ အခွင့်အလမ်းလေးကတော့ COVID-19ကိုမူတည်ပြီး Videos Conference နှင့် တွေ့ဆုံရမယ်ဆိုရင် (၂၅)မြို့နယ်နှင့် ကျေးရွာများပါ ညှိနှိုင်းပြီး ဆောင်ရွက်နိုင်တာ ဖြစ်သည့်အတွက်ကြောင့် ဒီအခွင့် အရေးကို မူတည်ပြီး Videos Conference နှင့် ညှိနှိုင်းဆောင်ရွက်မယ် ဆိုရင် ဒီထက်ပိုမို ကောင်းမွန်

သော နိုင်ငံအတွက် အားကိုးနိုင်သော လူငယ်များကို ဖော်ဆောင်နိုင်မှာ ဖြစ်သည့်အတွက် ဒါတွေကို ဗဟိုကော်မတီဝင်များကလည်း ဆက်လက် အကောင်အထည်ဖော် ကြိုးပမ်းကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ တိုင်းဒေသကြီး အစိုးရအနေဖြင့်လည်း နိုင်ငံတော်အတွက်၊ ပြည်သူတွေအတွက် အကျိုးရှိရှိ အသုံးချနိုင်သည့် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသည့် လူငယ်များကို နိုင်ငံ၏ အကြီးအကဲများကလည်း ဒါကိုအသိမှတ်ပြုပြီးတော့ ဆက်လက်ပြီး အားပေးဖို့ရန် မျှော်လင့်ချက်ဖြင့် လုပ်ဆောင်သွားမယ်လို့ ပြောကြားလိုပါတယ်။ ယနေ့တက်ရောက်သော လူငယ်များအားလုံးကိုလည်း ရှေ့ဆက်ပြီး ပူးပေါင်းပါဝင်ပေးကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



## မကွေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီအတွင်းရေးမှူး၊ ဦးဝေယံအောင်မှ ကျေးဇူးတင်စကား ပြောကြားခြင်း

အားလုံးပဲ မင်္ဂလာပါ... Facebook Page မှ Live ကြည့်နေသော ညီအစ်ကို မောင်နှမများနှင့် Zoom မှာလည်း တက်ရောက်နေကြသော ညီအစ်ကိုမောင်နှမများ အားလုံးကို ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ Internet အခက်အခဲကြောင့် Live လွှင့်ခြင်းတွင် အနည်းငယ် အခက်အခဲ ဖြစ်သွားပါတယ်။ ဒါကြောင့် နည်းပညာအခက်အခဲကြောင့် ဖြစ်ပေါ်လာသည့် အခက်အခဲများ အတွက် တောင်းပန်ပါတယ်။ ဒီနေ့မှာဆိုရင် HELVATEAS Myanmar, MARIE STOPES Myanmar, မကွေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ, Social Care Volunnter Group နှင့် ခြေလှမ်းသစ်အဖွဲ့ စသည့်အဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ပြီးတော့ Myanmar Youth Star မှ လက်ဆောင်ပစ္စည်းများ ပေးရန် ထောက်ပံ့ပေးထားတာ ဖြစ်ပါတယ်။ နည်းပညာအခက်အခဲကြောင့် စောစောက ကူညီပံ့ပိုးသော အဖွဲ့အစည်းများကို မကြေညာဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့၏ ဥက္ကဋ္ဌဖြစ်သော လူမှုရေးဝန်ကြီးကိုလည်း မေးခွန်းများ စိတ်ရှည်ရှည် နှင့် ဖြေကြားပေးပြီး အခမ်းအနားကို တက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါတယ်။ လူမှုဝန်ထမ်းမှ ဒေါ်နန္ဒာနွယ်ဟန်၊ လူငယ်ရေးရာကော်မတီမှ ဒု-ဥက္ကဋ္ဌ ကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဝိုင်းဝန်းကူညီပေးသော

Organizer များကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ စိတ်ရှည်လက်ရှည် တက်ရောက်ပေးကြသော ညီအစ်ကိုမောင်နှမများကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ နောက်နှစ်များမှာလည်း ကိုဗစ်ကာလ ပြီးဆုံးသွားမယ်ဆိုရင် ဒီထက်ပိုမိုကောင်းမွန်သော အခမ်းအနားများကိုလည်းပြုလုပ်သွားပါမယ်။ မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒများကိုလည်း ဖတ်ရှုသင့်ပြီလို့ ထင်မြင်မိပါတယ်။ လူငယ်ရေးရာမူဝါဒကလည်း ပေါ်ပေါက်လာတာ ကြာမြင့်ပြီဖြစ်ပါတယ်။ မကြာခင်မှာလည်း မဟာဗျူဟာ လုပ်ငန်းစဉ်များကို ဖော်ဆောင်တော့မှာ ဖြစ်ပါတယ်။ အတည်ပြုချက်လည်း ရရှိပြီးဖြစ်ပါတယ်။ အသက် (၁၅နှစ်မှ ၃၅နှစ်ထိ) လူငယ်များ ကောင်းမွန်သော နည်းစနစ်များ ရရှိဖို့ရန် စနစ်များ၊ ပံ့ပိုးမှုများ၊ အခင်းအကျင်းများ ရရှိလာတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် အားလုံးပဲ လူငယ်များဘက်က ဖြည့်ဆည်းထားရမည့် အရည်အချင်းများ၊ စွမ်းရည်များ ရှိပါတယ်။ အခက်အခဲမျိုးစုံရှိသည့်ထဲမှ ဖောက်ထွက်နေကြသော လူငယ်များ ရှိသည့်အတွက်ကြောင့် အခက်အခဲများကို မကြည့်ပဲ ဘယ်လို ချိတ်ဆက်ပြီး လုပ်ကြမလဲဆိုတာလေးကို စဉ်းစားပြီးတော့ ကြိုးစားဖို့ တိုက်တွန်းလိုပါတယ်။ နောက်တစ်ချက်က Magway Youth Fairs Committee Facebook Page မှ လူငယ်မူဝါဒနဲ့ ပတ်သက်ပြီး မိမိသိထားသည်များကို ရေးသားပြီး အခြားသူငယ်ချင်းများကို လူငယ်မူဝါဒဖတ်သင့်ကြောင်း တိုက်တွန်းနှိုးဆော်သည့် Post ကို Share ခြင်းဖြင့် လက်ဆောင်ပစ္စည်းများ ရယူနိုင်မှာ ဖြစ်ပါတယ်။ လူငယ်ရေးရာ ကော်မတီ Facebook Pageမှ လူငယ်မူဝါဒအကြောင်းအရာများကိုလည်း ဖတ်ရှုရနိုင်ကြောင်း ပြောကြားလိုပါတယ်။ ဒီပွဲလေးမှာ အဖက်ဖက်မှ ပူးပေါင်းကူညီ တက်ရောက်ပေးကြသော တိုင်းနှင့်ပြည်နယ်အားလုံးမှ ညီအကိုမောင်နှမအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ မကြာခင်မှာလည်း ရွေးကောက်ပွဲကျင်းပမှာ ဖြစ်သည့်အတွက်ကြောင့် ပထမဆုံးမဲပေးမည့် လူငယ်များနှင့် ကျွန်တော်တို့ လူငယ်များအားလုံးကိုလည်း မဖြစ်မနေ မဲပေးဖို့ နှိုးဆော်ရင်း နဲ့ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

## “နိုင်ငံတကာလူငယ်များနေ့အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအတွင်းမှ လူငယ်များ၏ အဆိုပြုတင်ပြချက်များ“

(၁) ပြည်ထောင်စုအဆင့်တွင် လူငယ်ရေးရာနှင့်ပတ်သက်သော ဝန်ကြီးဌာနတစ်ခု ပေါ်ပေါက်လာစေရန်။

(၂) မကွေးတိုင်းဒေသကြီးလူငယ်စင်တာဖြစ်မြောက်ရေးအတွက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်လျာထားငွေစာရင်းတွင် ထည့် သွင်းရေးဆွဲပေး၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်နှင့် လူငယ်များဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များဆောင်ရွက်နိုင်ရန်အတွက် မြေနေရာသီးသန့်ထားရှိပေးပြီး လူငယ်ရပ်ဝန်းတစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်။

(၃) မကွေးတိုင်းဒေသကြီးအတွင်းရှိလူငယ်များ၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီးအဆင့်လူငယ်ရေးရာကော်မတီ၏ ပုံမှန်အစည်းအဝေးများကို ကျင်းပဆောင်ရွက်ပေးရန်။

(ထိုသို့ပြုလုပ်ချိန်တွင် မည်သူများပါဝင် ၍မည်သည့်အချိန်တွင် မည်သို့ပြုလုပ်ကြမည် စသဖြင့်သတ်မှတ်၍ အားလုံးပါဝင်ဆောင်ရွက် နိုင်ရေးအတွက် တိကျသော အစီအစဉ်များချမှတ်ဆောင်ရွက်ပေးရန်။)

(၄) အလုပ်အကိုင်အခွင့်အလမ်း လက်လှမ်းမမှီသော လူငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများလက်လှမ်းမှီလာနိုင်စေရန် အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီရရှိလာ စေရန်အတွက် ထိရောက်ကောင်းမွန်သောအစီအစဉ်များထား ရှိဆောင်ရွက်ပေးရန်။

(၅) ရွှေ့ပြောင်းသွားလာလုပ်ကိုင်ဆောင်ရွက်နေသောလူငယ်များအတွက် ပြည်တွင်းပြည်ပသို့သွားရောက်လုပ်ကိုင်ရာတွင် လုံခြုံစိတ်ချစွာသွားရောက်လုပ်ကိုင်နိုင်ရန်၊ ရွှေ့ပြောင်းသွားလာပြီးပြန်လာသောလူငယ်များအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ထုတ်ပြန်ပေးရန်ကာလရှည်အစီအစဉ်များရေးဆွဲ၍ အကောင်အထည် ဖော်ဆောင်ရွက်နိုင်စေရန်အတွက် တိကျသောအစီအစဉ်များကို လူငယ်ရေးရာမဟာဗျူဟာအတွင်း ထည့်သွင်းရေးဆွဲပေးရန်။

(၆) မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်ပြီး လူငယ်များအတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာများကို လူငယ်များကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်အတွက် အစီအမံများ ထားရှိဆောင်ရွက်ပေးရန်။

(၇) ယခုကဲ့သို့ လူငယ်များနှင့်သက်ဆိုင်သော အခမ်းအနားများကို ပြည်ထောင်စုအဆင့်မှ မြို့နယ်အဆင့်ထိကျင်းပနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရအဖွဲ့များ နှင့် ဦးစီးဌာနများမှ ဦးစီးကျင်းပပေးရန် နှင့် ဘတ်ဂျတ်ခွဲဝေချထားမှုများအတွက် နှစ်စဉ်ထည့်သွင်းရေးဆွဲပေးရန်။

## မကွေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းစဉ်များ

၁) အဆင့်ဆင့်သော လူငယ်ရေးရာကော်မတီများ၏ ပုံမှန်အစည်းအဝေးများ ဆက်လက်ကျင်းပနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီမှ ဦးဆောင်ပြုလုပ်ပေးရန်။

၂) ဆွေးနွေးပွဲမှရရှိလာသော အဆိုပြုချက်များကို သက်ဆိုင်ရာနေရာများသို့ မကွေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ဦးဆောင်တင်ပြပေးရန်။

၃) မကွေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီမှ ဆွေးနွေးပွဲမှရရှိလာသော အဆိုပြုချက်များ ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် နှင့် အရေးဆိုတိုက်တွန်းမှုများပြုလုပ်ပေးရန်

၄) တိုင်းဒေသကြီးလူငယ်ရေးရာဖွံ့ဖြိုးမှုအတွက် မဟာဗျူဟာစီမံကိန်းနှင့် ဘတ်ဂျတ် အစီအစဉ်များ ကို တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီမှ ဦးဆောင်ရေးဆွဲ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ နှင့် ပြည်ထောင်စုအဆင့်သို့ တင်ပြရန်။

# မှတ်တမ်းဓာတ်ပုံများ




၂၀၂၀ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဆောင်ပုဒ်




စကားဝိုင်းဆွေးနွေးပွဲအတွက်လှုံ့ဆော်ရေးကြော်ငြာ

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား
# (၂၀၂၀ခုနှစ် - မကွေးတိုင်းဒေသကြီး)

## မှတ်တမ်းဓာတ်ပုံများ

၂၀၂၀ ခုနှစ် မကွေးတိုင်းဒေသကြီး
အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားအတွက်
အမှတ်တံဆိပ်






၂၀၂၀ - လူငယ်များနေ့ အမှတ်တရ အင်္ကျီ




နောက်ခံဗီနိုင်းပုံစံ

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား
(၂၀၂၀ခုနှစ် - မကွေးတိုင်းဒေသကြီး)

# မှတ်တမ်းဓာတ်ပုံများ






**အခမ်းအနားဖြစ်မြောက်ရေးစီစဉ်ဆောင်ရွက်မှုများ**




**အခမ်းအနားဖြစ်မြောက်ရေးအဖွဲ့**








**အခမ်းအနားဖြစ်မြောက်ရေးစီစဉ်ဆောင်ရွက်မှုများ**

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား
## (၂၀၂၀ခုနှစ် - မကွေးတိုင်းဒေသကြီး)

## မှတ်တမ်းဓာတ်ပုံများ




ဆွေးနွေးပွဲသို့တက်ရောက်လာသူများ

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား
(၂၀၂၀ခုနှစ် - မကွေးတိုင်းဒေသကြီး)

## မှတ်တမ်းဓာတ်ပုံများ







ဆွေးနွေးပွဲသို့တက်ရောက်လာသူများ

# YOUTH ENGAGEMENT FOR GLOBAL ACTION

# လူငယ်ထု၏ပေါင်းစည်းအား
# ကမ္ဘာ့ဘေးများတိုက်ဖျက်သွား

